
www.dhammadownload.com




# မိထွေးတော်ဂေါတမီ၏
# ဘိက္ခုနီမငါးရာ ကျွတ်တမ်းဝင်ပုံ

(ရှင်နန္ဒက)

ဟောကြားသောနေ့

(၂၉-၁၂-၆၀)

၂၃

ကျေးဇူးတော်ရှင်မဟာထေရ်
အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်(၃၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

# မိထွေးတော် ဂေါတမီ၏ ဘိက္ခုနီမငါးရာ ကျွတ်တမ်းဝင်ပုံ

[၂၉-၁၂-၆၀]

ရှေးဦးစွာသိရအောင် ဒကာ ဒကာမတွေ မှတ်ထားရမယ်... (မှန်ပါ့)၊ တရားဟောတဲ့ ဘုန်းကြီးရဲ့စိတ်ထဲမှာ ဘယ်လို ထားသလဲလို့ မေးလို့ရှိရင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလိုထားမှ ကောင်းတယ်လို့ဆိုတဲ့အတိုင်း ဘုန်းကြီးများကလဲ ထားရတယ်နော်... (မှန်ပါ့)။

ရှေးဦးစွာ တရားနာကြရင် ကောင်းတယ်ဆိုတဲ့ မေတ္တာကို ရှေးဦးစွာထားရ... (မှန်ပါ့)၊ တရားနာကြရင် အားလုံးသော ဒကာ ဒကာမတွေ၊ တရားနာကြရင် ကောင်းမယ်လို့ဆိုတဲ့ တရားနာနိုင်ကြပါစေဆိုတဲ့ မေတ္တာကို ရှေ့ထားရမယ်...(မှန်ပါ့)၊

နာပြီးသည့် အခြားမဲ့၌ ဆရာဘုန်းကြီးက သိကြပါစေ၊ ဟောတဲ့အတိုင်း သိကြပါစေဆိုတာကိုလဲ ဒုတိယ မေတ္တာထားရပြန်တယ်...(မှန်ပါ့)။

www.dhammadownload.com



နောက် ၃–နံပါတ်က သိတဲ့အတိုင်းကျင့်နိုင်ကြပါစေဆိုတဲ့ ၃–နံပါတ်လဲ ထားရပြန်တယ်၊ တရားဟောတဲ့ ဘုန်းကြီးတိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထုံးတမ်းဟော... ဒီစိတ် သုံးပါး ထားပါလို့ သေသေချာချာ မှာရှာတယ်နော်...(မှန်ပါ့)။

၁–နံပါတ်က တရားနာနိုင်ကြပါစေ၊ ကျန်းမာပြီး တရား နာနိုင်ကြပါစေ၊ မေတ္တာထားရမယ်...(မှန်ပါ့)၊ ၂–နံပါတ်က တရားနာပြီး နာတဲ့တရား သိနိုင်ကြပါစေဆိုတာ ၂–နံပါတ် ထားရမယ်...(မှန်ပါ့)၊ ၃–နံပါတ်က သိတဲ့အတိုင်း ကျင့်နိုင်ကြပါ စေဆိုတဲ့ စိတ်ထားနဲ့ ဟောရမယ်...(မှန်ပါ့)။

ဒီသုံးပါးနဲ့ ညီညွတ်လို့ ဟောလို့ရှိရင်ဖြင့် ဒကာကြွယ်၊ ဦးလှဘူးတို့ ကောင်းကောင်းဟောခြင်းပဲ...(မှန်ပါ့)၊ ကိုင်း သိကြ ပြီမဟုတ်လား ဒကာ ဒကာမတို့...(မှန်ပါ့)။

"တရားနာနိုင်ကြပါစေ" ဆိုတော့ မေတ္တာပါသွားပြီ... (မှန်ပါ့)၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိမှသာလျှင်လဲ တရားလာပြီး နာနိုင်ကြတော့ တရားနာနိုင်ကြပါစေဆိုတဲ့ မေတ္တာ သည် ဘုရားသခင်၏ မေတ္တာလို့ မှတ်ပါ...(မှန်ပါ့)။

"နာတဲ့အတိုင်း သိပါစေ"ဆိုတဲ့စိတ်ထားကတော့ ...(ဆရာ သမား၏ မေတ္တာပါဘုရား)၊ ဆရာသမား၏ မေတ္တာပဲ၊ "သိတဲ့ အတိုင်း ကျင့်နိုင်ပါစေ" ဆိုတာကော (ဆရာသမား၏ မေတ္တာပါ ဘုရား)။

www.dhammadownload.com



မေတ္တာသုံးချက်ထားပြီး ဘုန်းကြီးများ ဒကာ ဒကာမတွေ ချီးမြှောက်နေတယ်လို့ဆိုတာ သေသေချာချာ မှတ်ပါနော်... (မှန်ပါ)။

ကိုင်း... ဒါဖြင့် ပြောကြစို့တဲ့ ဒကာ ဒကာမတို့၊ စိတ်ထား လေးဟာ ငါသည် တရားအားထုတ်လို့ရှိရင်ဖြင့် အပါယ်လေးပါး မကျတဲ့ သောတပန်တည်အောင်ဖြင့် နာလဲနာမယ်၊ အားလဲ ထုတ်မယ်ဆိုတဲ့ စိတ်ကို မွေးရမယ်နော်...(မှန်ပါ)။

ဟာ ... ဒီထက်ပိုပြီးသကာလ နာလဲနာမယ်၊ အားလဲ ထုတ်မယ်၊ သကဒါဂါမ်တည်အောင်ဟဲ့ဆိုပြီးသကာလ စိတ်ထား ရှိလဲ ကောင်းတာပဲ...(မှန်ပါ)။

ဟာ ... ငါ နာလဲ နာမယ်၊ သိအောင်လဲ လုပ်မယ်၊ ကြိုးလဲ ကြိုးစားမယ်၊ အနာဂါမ်ဖြစ်အောင် ငါဖြင့် တရားကိုနာပြီး မှတ် ပြီး ကြိုးစားမယ်ဆိုရင်လဲ ပိုကောင်းတာပဲ...(မှန်ပါ)။

ငါဖြင့် ဒီဘဝပဲ ခန္ဓာဇာတ်သိမ်း ငြိမ်းအောင်လို့ နောက် ဒုက္ခတွေ ဘယ်အခါကာလမှ အဆက်အသွယ် မရှိအောင်လို့ ကြိုးစားပြီးသကာလ နာပြီး၊ မှတ်ပြီး ကျင့်ပါတော့မယ်ဆိုလဲ ကောင်းတာပဲ...(မှန်ပါ)၊ အဲဒီတော့ ဒီစိတ်ထားဟာ လေးခု မရှိ ဘူးလား... (ရှိပါတယ်ဘုရား)။

လေးခုရှိတဲ့အနက်က ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အမြင့်ဆုံးကို ထားလို့ရှိရင်ဖြင့် သာကောင်းတယ်...(မှန်ပါ)။

ဘာဖြစ်လို့တုံးဆိုတော့ "ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ"။ ဆန္ဒဝတော–ဆန္ဒရှိသော ပုဂ္ဂိုလ်ဟာ၊ ကိံနာမကမ္မံ–

www.dhammadownload.com



အဘယ်မည်ရှိတဲ့ အမှုကို၊ နသိဗ္ဗုတိ–မပြီးဘဲ ရှိရမည်နည်းလို့ ကိုယ့်ဆန္ဒအလိုက် ကိုယ်ပြီးကြမှာပဲ...(မှန်ပါ့)။

အောက်တန်းမှန်းရင် အောက်တန်းပဲ ပြီးတယ်...(မှန်ပါ့)၊ အလယ်တန်းမှန်းရင် ... (အလယ်တန်းပဲ ပြီးမှာပါ ဘုရား)၊ အထက်ဆုံးတန်းမှန်းလိုက်ရင် ... (အထက်ဆုံးတန်း ရောက်ပါတယ် ဘုရား)၊ အဲဒါ ဝတ္ထုသက်သေ သာဓကတွေလဲ ရှိတယ်နော်...(မှန်ပါ့)။

ဒါကြောင့် အောက်တန်းကိုဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက "အပါယ် လေးပါး တံခါးပိတ် တော်ပြီ" ဆိုတဲ့ စိတ်ကလေးကိုဖြင့် မထားပါနဲ့၊ ခန္ဓာဇာတ်သိမ်း ငြိမ်းအေးတဲ့ဖြစ်တဲ့ အထက်မဂ်ကိုသာ ကြိုးစားပြီးသကာလ မရရအောင် ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ နာကြပါ...(မှန်ပါ့)။

အောက်တန်း မထားပါနဲ့လို့ ဘုရားက ဟောလိုက်တယ်နော်...(မှန်ပါ့)၊ ကိုင်း ... ဒါဖြင့် ဒကာ ဒကာမတို့၊ တရားဟောကြပါစို့လို့ဆိုတော့ တရားဟောတဲ့နည်းမှာဖြင့် မဟာပဇာပတိဆိုတဲ့ ဒကာမကြီးရှိတယ်...(မှန်ပါ့)၊ သူ့သားက ရှင်နန္ဒဆိုတဲ့ ဥစ္စာ ဇနပဒကလျာဏီနဲ့ လက်ထပ်မယ့် ဆဲဆဲမှာ ရဟန်းဖြစ်သွားတယ် မဟုတ်လား...(မှန်ပါ့)။

အဲသူကဖြင့် ဒကာ ဒကာမတို့ တရားဟောရာမှာ ဥပမာ ဥပမေယျနဲ့ အင်မတန်မှ ပြောတတ်လွန်းလို့ ဒကာ ဒကာမတို့ တရားဟောရာမှာ အင်မတန် နာမည်ကြီးတယ်၊ ဘုရား လက်ထက်ကနော်...(မှန်ပါ့)။

www.dhammadownload.com



အဲ, ဒီတရားကို မနေ့ကလဲ နဲနဲစခဲ့တယ်၊ ဒါကြောင့် ယနေ့ သူ့ကို ဝတ္ထုမထုတ်ဘဲနဲ့ ဒကာ ဒကာမတွေ နားလည်မှု ရှေ့ထား ပြီးသကာလ ရှင်နန္ဒကပေးတဲ့ ဥပမာလေး ဒကာ ဒကာမတို့ မှတ်စမ်းပါဆိုတာ အလုပ် လုပ်ပုံနှင့်တကွ ပြမယ်နော်...(မှန်ပါ့)။

ဒကာ ဒကာမတို့၊ ခန္ဓာကိုယ်ထဲမှာ ပြင်ဘက်ကနေပြီး ကြည့်ရတဲ့ အဆင်းရှိတယ်နော်...(မှန်ပါ့)၊ ပြင်ဘက်မှာ ကြည့် လိုက်လို့ရှိရင် ညိုတယ်၊ ဖြူတယ်ဆိုတာ မသိကြဘူးလား... (သိပါတယ် ဘုရား)။

အဲ-အဲဒါ ရူပါရုံလို့ ခေါ်ပါတယ်...(မှန်ပါ့)၊ ကိုယ့်အသံကို တော့ သဒ္ဒါရုံလို့ ခေါ်ပါတယ်၊ ကိုယ့်အနံ့လေးတွေက ချွေးနံ့တို့၊ အပုပ်နံ့တို့၊ အညှီနံ့တို့ ဒါတွေက ဂန္ဓာရုံလို့ ခေါ်ပါတယ် ... (မှန်ပါ့)။

ကိုယ်ခန္ဓာလေးကို လျက်ကြည့်ပါ၊ ငန်တယ် မငန်ဘူး ဆိုတာ၊ ခန္ဓာကိုယ်ထဲမှာ ရသာဆိုတာလဲ ရှိပါတယ်...(မှန်ပါ့)၊ ချွေးထွက်တဲ့အခါ ငုံကြည့်၊ လျှာနဲ့ လျက်ကြည့်၊ ငန်လာတာပဲ... (မှန်ပါ့)။

အဲ...ရသာရုံလဲ ရှိတယ်၊ ကိုယ့်ခန္ဓာ ကိုယ်စမ်းကြည့်တော့ ပျော့တယ်၊ မာတယ်ဆိုတာကော... (ရှိပါတယ်ဘုရား)။

အဲဒါက ဖောဋ္ဌဗ္ဗာရုံ... (မှန်ပါ့)၊ ပြီးတော့ တွေးပြီးမှရတဲ့ အာရုံတွေက အတွင်းရှိတဲ့ တွေးပြီးမှရတဲ့ အာရုံတွေကတော့ ဓမ္မာရုံတွေပေါ့ဗျာ...(မှန်ပါ့)၊ အာရုံက ဘယ်နှစ်ပါးရှိပါလိမ့် (ခြောက်ပါးပါ ဘုရား)။

www.dhammadownload.com



ဒါ ခန္ဓာကိုယ်ထဲမှာ အာရုံခြောက်ပါး ရှိတယ်...(မှန်ပါ)၊ ဒီခန္ဓာကိုယ်ထဲမှာ အပြင်ဘက်ကနေသောကြောင့် ပြင်ဘက်က အာယတနလို့လဲ မှတ်လိုက်စမ်းပါ...(မှန်ပါ)။

ဒါ ရှင်နန္ဒက ဟောပုံနော်၊ အတွင်းမှာတော့ ဒကာ ဒကာမ တို့၊ မျက်လုံးဆိုတဲ့ အကြည်ဓာတ်ရုပ်ရှိတယ်...(မှန်ပါ)၊ နားဆို တဲ့ အကြည်ဓာတ်ရှိတယ်... (ရှိပါတယ်ဘုရား)၊ နားနဲ့ အသံနှင့် တွဲရမှာကိုး...(မှန်ပါ)၊ အင်း...နှာခေါင်းနဲ့ အနံ့တွဲရမှာ...(မှန်ပါ)၊ နှာခေါင်းအကြည်ဓာတ်ရယ်...(ရှိပါတယ်ဘုရား)။

လျှာအကြည်ဓာတ်ရုပ် ... (ရှိပါတယ်ဘုရား)၊ ကိုယ် အကြည်ဓာတ်ရုပ်... (ရှိပါတယ်ဘုရား)၊ ဟဒယ အကြည်ရုပ်... (ရှိပါတယ်ဘုရား)၊ အင်း...အတွင်းကလဲ ဘယ်နှစ်ခုပါလိမ့်... (ခြောက်ခုပါဘုရား)။

အဲဒါ ဒကာ ဒကာမတွေ ခန္ဓာမှာရှိတဲ့ အတွင်းအပြင် ပေါင်းလိုက်ရင် ဒါ ယောကျ်ားဆိုလဲ ဟုတ်တာပဲ၊ မိန်းမဆိုလဲ... (ဟုတ်ပါတယ်ဘုရား)။

ကလေးဆိုလဲ...(ဟုတ်ပါတယ်ဘုရား)၊ ဩော်...ဒီဥစ္စာ ခွဲ လိုက်တော့လဲ နှစ်ခြမ်းကွဲသွားတယ်၊ စုလိုက်တော့လဲ ယောကျ်ား မိန်းမ ဖြစ်သွားတယ်...(မှန်ပါ)။

အဲဒီ နှစ်ခုကို ဒကာ ဒကာမတွေက ဘယ့်နယ်ဖြစ်နေတုံး လို့ မေးတဲ့အခါကျလို့ရှိရင်တဲ့ ဒီဟာလဲ ငါ့ဟာပဲ၊ အဆင်းဟာလဲ ငါပဲ၊ ငါ့ကိုယ်ငါပဲလို့ မထင်ကြဘူးလား... (ထင်ကြပါတယ် ဘုရား)။

www.dhammadownload.com



မျက်လုံးရုပ်ကလေးကကော ... (ငါကိုယ်ငါဟာ လိုက်ထင်နေကြတာပါဘုရား)၊ အင်း... ဒီကြားထဲမှာ တဏှာလေးက အကုန်ဆက်သွယ်ပေးနေတယ်...(မှန်ပါ)။

တဏှာလေးက ကြားထဲမှာ ဒကာ ဒကာမတွေ အကုန်ဆက်သွယ်ပေးနေတယ်...(မှန်ပါ)၊ တဏှာက မဆက်သွယ်ပေးဘူးလား... (ဆက်သွယ်ပေးပါတယ် ဘုရား)။

အေး ... ဒီမျက်လုံးနဲ့ အဆင်းနဲ့လဲ သူက အကုန် ဆက်သွယ်ပေးနေတယ်...(မှန်ပါ)၊ ဆက်သွယ်ပေးတော့ သိပြီတဲ့၊ ဩော် အပြင်ဘက်က အဆင်းအစရှိသည်နဲ့ အတွင်းက စက္ခု၊ သောတ, ဃာန, ဇိဝှာ, ကာယ, မန, ဟာဒယ ဝတ္ထု အစရှိသည့်နဲ့ ဆက်သွယ်ပြီးပေးတာကတော့ ဒီဘက်နဲ့ ဟိုဘက်နဲ့ ဆက်သွယ်ပေးနေတာကတော့ တဏှာပဲလို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ် ဘုရား)။

ကောင်းပြီ... ဒါဖြင့် ဒီတဏှာကိုပဲ သိတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ "တဏှာ နိရောဓာနိဗ္ဗာန်" ဆိုတဲ့အတိုင်း တဏှာ မချုပ်သရွေ့ နိဗ္ဗာန်မရပေဘူးဆိုတဲ့ အဓိပ္ပာယ်လဲ ရှင်းလင်းထားကြတာပေါ့...(မှန်ပါ)။

တဏှာမချုပ်သရွေ့...(နိဗ္ဗာန်မရပါဘူးဘုရား)၊ နိဗ္ဗာန်မရနိုင်ဘူးဆိုတာလေး မှတ်ထားတော့...(မှန်ပါ)၊ ကောင်းပြီတဲ့ ဒီတဏှာကို ဘာလုပ်ရမလဲလို့ မေးဖို့လိုလာတယ်...(မှန်ပါ)၊ အင်း...ဒီတဏှာက အတွင်းနဲ့အပြင် ဆက်စပ်ပေးတယ်...(မှန်ပါ)၊

www.dhammadownload.com



ဒီတဏှာက ဘာလုပ်ပေးပါလိမ့်...(အတွင်းနဲ့အပြင် ဆက်စပ်ပေး ပါတယ်ဘုရား)။

အတွင်းနဲ့အပြင် ဆက်စပ်ထား၊ ပြင်ဘက်ခန္ဓာနဲ့ အတွင်း ခန္ဓာနဲ့ ဘယ့်နှယ်နေကြတုန်း...(ဆက်စပ်နေပါတယ်ဘုရား)၊ ဆက်စပ်ပြီး သကာလ ထားတော့ ဩော်...ကျုပ်တို့ နိဗ္ဗာန်မရ တာသည် အတွင်းကြောင့်လဲ မဟုတ်ဘူး၊ အပြင်ကြောင့်လဲ မဟုတ်ဘူး၊ သူ ဆက်စပ်ထားတာနဲ့ သူက တဏှာသည်ကား ဆိုလို့ရှိရင် သမုဒယသစ္စာ...(မှန်ပါ)။

"ပဘဝလက္ခဏာ သမုဒယသစ္စံ" ဆိုတဲ့အတိုင်း သစ္စာမှာ လေ (မှန်ပါ)၊ ဆင်းရဲဒုက္ခ ဟူသမျှ၏ စ၍ဖြစ်ကြောင်း မကောင်း သော လက္ခဏာရှိ၏...(မှန်ပါ)၊ သူသာ ရှိနေလို့ရှိရင် ဆင်းရဲ လက်စ ဟူသမျှ၏ စ၍ဖြစ်ကြောင်း မကောင်းသော လက္ခဏာ ရှိ၏...(မှန်ပါ)၊ ဒီတရားလေး ပေါ်လာလို့ရှိရင် ဆင်းရဲလက်စ မပြတ်ရအောင် သူ လုပ်တော့မယ်နော်...(မှန်ပါ)။

ဒီတရားလေး လာလို့ရှိရင်...(မှန်ပါ)၊ ဒီတရားလေး လာ လို့ရှိရင် ဆင်းရဲလက်စ မပြတ်ရအောင် ဒီခန္ဓာနဲ့ မခွဲရအောင် ဒီခန္ဓာ ဒုက္ခသစ္စာကြီးနဲ့ ဒီဘက်က ဒုက္ခသစ္စာနဲ့ မခွဲရအောင် သူက ဆက်သွယ်ပေးထားတယ်...(မှန်ပါ)၊ သဘောကျပလား၊ (ကျပါတယ် ဘုရား)။

ကောင်းပြီ ပဘဝလက္ခဏာ သမုဒ္ဒယသစ္စံ၊ အနုပစ္ဆေဒက ကရဏရသံ၊ ပလိဗောဓ ပစ္စုပဋ္ဌာနံ၊ ဒကာ ဒကာမတွေကို ဒီခန္ဓာ

www.dhammadownload.com



ကြီးက ထွက်သွားမှာ ဒီခန္ဓာဝန် ဒုက္ခသစ္စာကြီးက လွတ်သွားမှာ အင်မတန် စိုးရိမ်တယ်...(မှန်ပါ)။

ဆင်းရဲဒုက္ခဟူသမျှတို့မှ မလွတ်ရအောင် မကျွတ်ရအောင် တားမြစ်ထားတာကလဲ ဒီအလယ်မှာ ဆက်သွယ်ပေးထားတဲ့ သမုဒယ...(မှန်ပါ)၊ သဘောကျပလား... (ကျပါတယ် ဘုရား)။

"ဒါဖြင့် ဒီသမုဒယသစ္စာ တဏှာလောဘကို ကျုပ်တို့ ဘယ့်နှယ်လုပ်ရမလဲ" လို့ မေးတဲ့အခါကျတော့ ကိုတဲ့ ဒီဘက်လာမယ့် ဒကာ ဒကာမတွေ သိတဲ့အတိုင်း နေ့တိုင်း ဟောနေတဲ့ ဆရာပေးတဲ့ မဂ်ဓားနဲ့ ဒီပြင်ဟာတွေ မဖြတ်နဲ့ သူ့ဖြတ်ရလိမ့်မယ် (မှန်ပါ)၊ သမုဒယသစ္စာကို ပြင်ဘက်လဲမခင်၊ အတွင်းလဲ.. (မခင်တော့ပါဘူး ဘုရား)။

အပြင်ဘက်လဲ...(မခင်တော့ပါဘူးဘုရား)၊ အတွင်းလဲ မခင်နဲ့ အတွင်းလဲ မဆက်နဲ့၊ သူ့ကို မဂ်ဓားနဲ့ ဖြတ်ပေးရမယ်... (မှန်ပါ)၊ မဂ်ဓားနဲ့ ဖြတ်ပေးလိုက်တော့ အတွင်းခန္ဓာနဲ့ အပြင်ခန္ဓာ အဆက်အသွယ် ရသေးရဲ့လား... (မရပါ ဘုရား)။

မရလို့ရှိရင်ဖြင့် ဒီတဏှာသေလို့ ပြတ်သွားတာပဲဆိုတော့ ဒကာ ဒကာမတို့၊ အတွင်းခန္ဓာလဲ ချုပ်နေရစ်၊ အပြင်ခန္ဓာလဲ ချုပ်နေရစ်၊ သူလဲ သေသွားတဲ့အခါကျတော့ သမုဒယသစ္စာလဲ သေ ... (မှန်ပါဘုရား)။

ဒုက္ခသစ္စာနှစ်ခုကော...(သေပါတယ်ဘုရား)၊ အင်း...ဖြတ်တဲ့ မဂ္ဂသစ္စာကျန်ရစ်ပြီးသကာလ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီးဟာ

www.dhammadownload.com



ပေါ်လာတယ်...(မှန်ပါ)၊ သဘောကျပလား... (ကျပါတယ် ဘုရား)။

အင်း ... ဒါဖြင့် ဒီနေ့ တရားမှာ ရှင်နန္ဒက ပြောတဲ့ ဥပမာကို ပြောရတဲ့အတွက် ဘုန်းကြီးများကလဲ ထင်လွယ်မြင်လွယ်အောင် ဒကာ ဒကာမတွေကို ပြတဲ့အတွက် သိပ်ဝမ်းသာစရာကောင်းတဲ့ နေ့ထူးနေ့မြတ်ပဲ၊ မင်္ဂလာရှိတဲ့ နေ့ပဲလို့ မှတ်ရမယ် (မှန်ပါ)။

အဲဒီမှာ ရှင်နန္ဒာက အကြောင်းလေး နည်းနည်းစကြစို့... (မှန်ပါ)၊ ရှင်နန္ဒာက, သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတုန်း ဒီဘိက္ခုနီမ ငါးရာ မယ်တော်မာယာ၏ ညီမတော် ဘိက္ခုနီမ သူက ခေါင်းဆောင်ပေါ့ဗျာ...(မှန်ပါ)။

သူက ဘိက္ခုနီမခေါင်းဆောင်ကြီး လုပ်ပြီးသကာလ နန်းတော်ထဲကနေပြီး သူနဲ့အတူ ငါးရာတွေ အကုန်ထွက်၊ ခေါင်းရိတ်ပြီးသကာလ ဒို့အကုန် ဘိက္ခုနီမ လုပ်ရအောင်ဆိုပြီး ဘုရားဆီ အမျိုးမျိုး အကြိမ်ကြိမ် တောင်းပန်ပြီးသကာလ ဘိက္ခုနီမ–မဟာပဇာပတိ ဂေါတမီလို့ ခေါ်ကြတာပေါ့ဗျာ...(မှန်ပါ)။

အဲ ... သူက ခေါင်းဆောင်လုပ်ပြီး နန်းတော်ရှိတဲ့ ငါးရာတွေအကုန်ခေါ်ပြီး ဘိက္ခုနီမလုပ်တယ်...(မှန်ပါ)၊ ကဲ...ဘိက္ခုနီမ လုပ်တဲ့ စစ်တမ်းတော့ အသာထား၊ ဘိက္ခုနီမ ဖြစ်ကြတော့ ဘုရား သွားလျှောက်တယ်။

ဘုရားက သူက နို့ချိုတိုက်ကျွေးပြီး ကြီးလာခဲ့ရတာကို... (မှန်ပါ)၊ မဟာပဇာပတိဂေါတမီက မယ်တော် မာယာက ခုနစ်

www.dhammadownload.com



ရက်နေ သေသွားတာကို...(မှန်ပါ)၊ သူနဲ့ ကြီးရင့်တယ်ဆိုတာ ကတော့ ဒကာ ဒကာမတွေ ကြားဖူးပါပြီ...(မှန်ပါ)။

အဲဒါနဲ့ 'အရှင်ဘုရားတဲ့ ဘိက္ခုနီမတွေကို အလှည့်ကျနဲ့ တရားဆုံးမဖို့ရာ အရှင်ဘုရားက အမိန့်ပေးစမ်းပါဦး ရဟန်း ယောကျ်ားတွေကို'...(မှန်ပါ)။

ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညီတော် အာနန္ဒာ ရဟန်းယောကျ်ားတွေ၊ ဘိက္ခုနီမတွေအလှည့်ကျဘိက္ခု နီမ ကျောင်းသွားပြီး နေ့တိုင်းအလှည့်ကျ တရားဟောပေးရမယ် လို့ အမိန့်ထုတ်လိုက်တော့ ဒီပြင် ရဟန်းတွေ အကုန်ဟောကြ တယ်...(မှန်ပါ)၊ ကျွတ်ကို မကျွတ်ဘူးတဲ့ ဒကာကြွယ်ရေ... (မှန်ပါ)။

ကျွတ်ကို မကျွတ်ဘူး၊ ဘာကြောင့် မကျွတ်ပါလိမ့်မတုံး လို့ ဒကာသစ်၊ ဒကာကြွယ်တို့က မေးလို့ရှိရင်ဖြင့် သူတို့ တောင့်တနေတာက ရှင်နန္ဒက လာဟောမှသာလျှင် ဒို့တော့ ကျွတ်တမ်း ဝင်မယ်...(မှန်ပါ)၊ ရှင်နန္ဒကပဲ တောင့်တနေ၊ ဒီပြင်လူ တွေ၊ ဒီပြင် သံဃာတွေ ဟောနေတာ။

ရှင်အာနန္ဒာတို့ အမျိုးမျိုး အဖုံဖုံ ဟောနေ၊ ရှင်သာရိပုတ္တရာ တို့၊ ရှင်မောဂ္ဂလန်တို့ ဟောနေတာ မကျွတ်ပါဘူး...(မှန်ပါ)၊ ရှင်နန္ဒကကိုပဲ တောင့်တနေတယ်၊ ဘယ့်နှယ်ကြောင့် တောင့်တ နေပါလိမ့်မတုံးလို့မေးတော့ ဘဝပေါင်းများစွာက အပေါင်းအဖော် ဖြစ်ခဲ့ကြတယ်...(မှန်ပါ)။

www.dhammadownload.com

## * ၁၂ မိထွေးတော်ဂေါတမီ၏ ဘိက္ခုနီမငါးရာ ကျွတ်တမ်းဝင်ပုံ

ဘဝပေါင်းများစွာ အပေါင်းအဖော် ဖြစ်ခဲ့ကြတော့ အင်မတန်မှ မျှော်လင့်၊ ဘဝရေစက်က ပါလာကြတယ်...(မှန်ပါ့)၊ ရှင်နန္ဒာကလဲ "ဒီဘိက္ခုနီမ ငါးရာဟာ ငါ့ရဲ့ ဘဝများစွာ သံသရာ တုန်းက ကိုယ့်အလုပ်အကျွေးမတွေ ဖြစ်ခဲ့ကြတယ်"...(မှန်ပါ့)။

ငါက ထိုင်ပြီး ဘိက္ခုနီမတွေ ငါ့အလှည့်ကျလို့ တရား ဟောလို့ရှိရင် "ဩော်...သူလို အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေက ဘိက္ခုနီမတွေနဲ့ ခုထက်ထိပဲ ဆက်သွယ်တုံးကိုး၊ သံသရာကလဲ ဆက်သွယ်ခဲ့ပြီ၊ ခုလဲ ဆက်သွယ်တုံးပဲကိုး" လို့ သူများမြင်မှာ သိပ်ရှက်တယ်...(မှန်ပါ့)။

သူများမြင်မှာ သိပ်ရှက်တာနဲ့ သူက သူ့အလှည့်ကျတဲ့ နေ့ကျရင် ရှင်အာနန္ဒာထံသွားပြီး၊ "ရှင်အာနန္ဒာ၊ သက်န်း ချုပ်စရာ တွေ ရှိနေလို့ တခြားသွားပါရစေ၊ သပိတ်ဖုတ်စရာတွေ ရှိနေလို့ တခြား သွားပါရစေ" ဒီလိုချည်းပဲ သူ ရှောင်ဖယ်ရှောင်ဖယ် လုပ် နေတယ်...(မှန်ပါ့)။

တစ်နေ့သဥ္စကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး က "ညီတော် အာနန္ဒာ၊ နက်ဖြန် ဘိက္ခုနီမတွေလှည့်ဖို့ အလှည့် ကျတာ ဘယ်သူတုန်းကွ"၊ "သံဃာတော့ ကုန်ပြီဘုရား"။ ရှင်အာနန္ဒာက ရှင်နန္ဒက၏ အလှည့်ပါပဲလို့၊ သို့သော် သူက မဟောချင်ဘူး...(မှန်ပါ့)၊ မဟောချင်ဘူးတဲ့ ဒကာ ဒကာမတို့... (မှန်ပါ့)။

ဘဝများစွာ သံသရာက ကိုယ်လုပ်မိန်းမတွေ တော်ခဲ့တာ ကိုး...(မှန်ပါ့)၊ အဲဒီလို ဖြစ်ပြီးသကာလ နေတော့ သူက ရှက်ကိုး

www.dhammadownload.com



ရက်ကန်းဖြစ်ပြီးသကာလ သူကလဲ နောက်ဘဝတွေ မြင်တာကိုး... (မှန်ပါ့)။

သူလို နောက်ဘဝတွေ မြင်တဲ့ပုဂ္ဂိုလ်တွေ မြင်သွားရင်၊ ခုထက်ထိ သူ့ ဒီရှေးက ခင်ပွန်းမ ဖြစ်ဖူးတာတွေနဲ့ မခွဲနိုင်တဲ့ သဘောမျိုး တွေးသွားမှာ သိပ်စိုးရိမ်တယ်...(မှန်ပါ့)။

ဒါနဲ့ပဲ ဘုရားက "ဘယ်မလဲ နန္ဒက ခေါ်လိုက်ကွ" ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခေါ်လိုက်၊ "နက်ဖြန် ဘိက္ခုနီမတွေ သွားဆုံးမရမယ်" အမိန့်တော် မှတ်လိုက်တယ်... (မှန်ပါ့)။

နက်ဖြန်ကျတော့ သာဝတ္ထိပြည်ထဲ ဆွမ်းခံပြန်ပြီး ဆွမ်းခံသွား၊ ဆွမ်းခံပြန်တဲ့အခါတော့ ဘိက္ခုနီမကျောင်းတွေ ဝင်တော့ ဘိက္ခုနီမတွေကပဲ ရှင်နန္ဒက လာတယ်ဆိုလို့ရှိရင် သူတို့တော့ ရှင်နန္ဒာက တရားသာသူတို့နာရလို့ရှိရင် သောတာပန်တည်မှာ... (မှန်ပါ့)၊ သူတို့ချင်း ပြောနေကြတာ...(မှန်ပါ့)။

တချို့လဲ သကဒါဂါမ်တည်မှာ...(မှန်ပါ့)၊ တချို့ကလဲ အနာဂါမ်တည်မှာ၊ တချို့တော့ ရဟန္တာဖြစ်မှာ၊ ကျုပ်တို့ကတော့...(မှန်ပါ့)၊ ဒကာ ဒကာမတို့ သူ့အကြောင်းနဲ့ သူ့ရေစက်နဲ့ သူလာတာနော်...(မှန်ပါ့)။

ဒီတင်မှ ဘိက္ခုနီမ ကျောင်းဝင်ပြီး သကာလ သီတင်းသုံးပြီးသကာလ ဘိက္ခုနီမတွေ စုနေတဲ့အချိန်မှာ "ဘိက္ခုနီမတို့ ငါက မေးလို့ရှိရင်လဲ သင်တို့က ဖြေကြ"...(မှန်ပါ့)။

www.dhammadownload.com



"ငါကမေးလို့ရှိရင်လဲ ဖြေကြ"ဆိုတော့ အခု ဘုန်းကြီးများ ဟောသလိုပေါ့လေ...(မှန်ပါ့)၊ နားလည်ကြရဲ့လား၊ လည်ပါရဲ့၊ ဒါဘာတုံး၊ ဒါ ဘယ်အဓိပ္ပာယ်တုန်းဆို၊ ဘယ်အဓိပ္ပာယ် ဖြေကြ သလို နားလည်ကြရဲ့လားလို့မေးလို့ရှိရင်လဲ နားမလည်၊ မလည် ဘူး ပြောပါ၊ ဒါ ထပ်ပြောဖို့ပါပဲ...(မှန်ပါ့)။

ပြန်ထပ်ပြီးမေးပါ အစရှိသည်နဲ့ ဘိက္ခုနီမတွေကို ပြော လိုက် ဆိုလိုက်ဆိုတော့ ဘိက္ခုနီမတွေက ဒီအထဲက သူတို့စိတ် ထဲမှာ ကြက်သီးမွေးညှင်းထ၊ ပီတိသောမနဿတွေ ဖြစ်ပြီး ဒီပြင် ကိုယ်တော်တွေ ဒီလို ဖိတ်ကြားတာ မဟုတ်ဘူး...(မှန်ပါ့)။

"ဒီကိုယ်တော်ကတော့ ဖိတ်ကြားတာပဲ၊ ဒါကြောင့် ဒို့ မျှော် လင့်ထားတဲ့အတိုင်း ဒို့တော့ သောတာပန် တည်မှာပဲ၊ ဒို့ သကဒါ ဂါမ်တည်မှာပဲ၊ ဒို့ အနာဂါမ်၊ ဒို့ရဟန္တာတွေ ဖြစ်ကြမှာပဲ" ဆိုတဲ့ စိတ်ထားတွေက အင်မတန် စိတ်ထဲမှာ ရွှင်ပျနေတယ်...(မှန်ပါ့)။

အဲဒီ ရွှင်ပျနေတဲ့အချိန်ကျတော့မှ ရှင်နန္ဒက, က တရား ထဟောတယ်...(မှန်ပါ့)၊ ဘိက္ခုနီမတို့ နွားတစ်ကောင် ရှိတယ် ဟော့၊ နွားသေတစ်ကောင် ရှိတယ်တဲ့၊ အဲဒီ နွားသေတစ်ကောင်ကို အရေကို လိုချင်လို့ရှိရင်ဖြင့်တဲ့၊ နွားဖျက်တဲ့ သားလှီးဓားနဲ့ အရေ နဲ့ အသားကြား အရေကိုလဲ ခွာရတော့မယ်၊ အသားနဲ့ကွဲအောင် လဲ လုပ်ရတော့မယ်...(မှန်ပါ့)။

မလုပ်ရပေဘူးလား (လုပ်ရမှာပါဘုရား)၊ အဲဒီတော့ ဒီ အပြင်ဘက်က အရေနဲ့ အတွင်းအသားနဲ့ ကြားထဲမှာ အကြော လေး ကိုးရာသော အကြောငယ်ကလေးတွေက မရှိဘူးလား...

www.dhammadownload.com



(ရှိပါတယ်ဘုရား)၊ အဲဒီ အကြောငယ်ကလေးတွေလဲ သားလှီးဓားနဲ့ ဖြတ်ရလိမ့်မယ်...(မှန်ပါ့)။

အဲဒီ အကြောငယ်ကလေးတွေ သားလှီးဓားနဲ့ ဖြတ်လိုက်တဲ့ အခါကျတော့ ဘိက္ခုနီမတို့တဲ့ အပေါ်ယံအရေနဲ့ အောက်အသားနဲ့ အကြောလေးတွေကလဲ သားလှီးဓားနဲ့ ဖြတ်လိုက်တာနဲ့ နောင်အခါကျလို့ရှိရင်ဖြင့် ဒီအရေတွေ အကုန်ကွာပြီးသွားတဲ့ အချိန်မှာ –

တစ်နေရာရွှေ့ပြီး ဒီအရေနဲ့ ဒီနွားနဲ့ အောက်ကျန်နေတဲ့ အသား နွားပုံကြီးနဲ့ သွားဆက်လိုက်တဲ့အခါ နွားဟူသော အမှုအရာ ဖြစ်နိုင်သေးရဲ့လားလို့မေးတယ်...(မှန်ပါ့)၊ ကဲ...ဒကာ ဒကာမတွေကော ဖြစ်နိုင်စရာ မြင်သေးရဲ့လား... (မမြင်နိုင်ပါဘုရား)။

ဘယ်နည်းနဲ့မှ ပြန်စပ်လို့ ကပ်လို့ နွားဟူသော ပုံသဏ္ဍာန်ဟန်ပန်ကြီး ထွက်လာဖို့ရာ ရှိသေးရဲ့လား... (မရှိပါဘူး ဘုရား)။

မရှိတော့ဘူးဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)၊ အဲဒီ အတိုင်းပဲကွတဲ့၊ မင်းတို့သည်ကား ဆိုလို့ရှိရင် ပြင်ဘက်က အာယတနတွေက ရူပ သဒ္ဒ ဂန္ဓ ရသ ဓမ္မတွေဆိုတဲ့ ခုနက ပြထားတဲ့ ပြင်ဘက် ခြောက်ခုက နွားအရေနဲ့တူတယ်... (မှန်ပါ့)။

ဒီ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဝတ္ထုတွေက ခြောက်ခုသော အဇ္ဈတ္တိကာယတနတွေက နွားကောင်ကြီးနဲ့ တူတယ်...(မှန်ပါ့)။

www.dhammadownload.com



အလယ်မှာ ငြိတွယ်နေတာတွေက တဏှာနဲ့တူတယ်... (မှန်ပါ့)၊ကြောသေးကြောမတွေကဘာနဲ့တူ...(တဏှာနဲ့တူပါတယ် ဘုရား)၊ အဲဒါကိုကွာတဲ့၊ ခုနက သားလှီးဓားနဲ့ ဒီအကြောတွေ ဖြတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့သိတဲ့ အတိုင်း နွားကောင်ပြန်ဖြစ်စရာ မြင်သေးရဲ့လား... (မမြင်ပါဘူး ဘုရား)။

အဲသည်လိုပဲတဲ့ သင်တို့သည်ကား ဆိုလို့ရှိရင် တရား အားထုတ်တဲ့အခါကျလို့ရှိရင် ဒီ မဂ်တည်းဟူသော ဗောဇ္ဈင်- မဂ္ဂင်တည်းဟူသော တရားတွေနဲ့ ဒီကြောသေး ကြောမနဲ့ ဆက် နေတဲ့ တဏှာကို သင်တို့ ဖြတ်ရလိမ့်မယ်...(မှန်ပါ့)၊ သဘောကျ ရဲ့လား...(ကျပါတယ်ဘုရား)။

သင်တို့ ဖြတ်ရလိမ့်မယ်၊ ဖြတ်လိုက်တဲ့အခါကျလို့ရှိရင် သင်တို့ သောတာပန် တည်နိုင်တယ်၊ သကဒါဂါမ် တည်နိုင် တယ်၊ အနာဂါမ်တည်နိုင်တယ်၊ ရဟန္တာ ဖြစ်နိုင်တယ်ဆိုတာ ကိုယ်ဖြတ်တဲ့ ဖြတ်အားရှိသလောက်တော့ ဖြတ်ကြရမှာပေါ့ဗျာ... (မှန်ပါ့)။

ဖြတ်အားရှိသလောက် ... (ဖြတ်ရမှာပါဘုရား)၊ ဖြတ်ရ မှာပဲ ဆိုတာ အင်မတန် သေချာတယ်လို့ ဟောတော့ ဒါဖြင့် ဘုရားတဲ့ တပည့်တော်တို့ ဘယ်လိုရှုပြီး ဘယ်လိုလုပ်ရမှာတုံး... (မှန်ပါ့)။

မေးလိုက်တယ်နော်...(မှန်ပါ့)၊ ဟောဒီအဆင်းတွေ့ပြန်လို့ ရှိရင်ဖြင့်တဲ့၊ အဆင်းဟာ အနိစ္စလား၊ နိစ္စလားဆိုရင် ဘယ့်နှယ် ဖြေကြမတုံး... (အနိစ္စပါဘုရား)။

www.dhammadownload.com



အင်း ... အနိစ္စဖြစ်တဲ့ တရားဟာ ဒုက္ခလား၊ သုခလား မေးလို့ရှိရင်... (ဒုက္ခပါဘုရား)၊ အဲဒီ အနိစ္စ ဒုက္ခဖြစ်တဲ့ တရားဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား ... (မဆိုနိုင်ပါဘူး ဘုရား)။

အဲ့ အနတ္တပြတာနော် ...(မှန်ပါ)၊ ထို့အတူပဲတဲ့၊ ဒီဘက်က မျက်လုံးကိုလဲ အနိစ္စလား၊ နိစ္စလား ရှုကြ...(မှန်ပါ)၊ ဘာဆိုကြမယ်... (အနိစ္စပါဘုရား)။ အဲဒီ အနိစ္စဖြစ်တဲ့ တရားဟာ သုခလား၊ ဒုက္ခလားလို့ မေးလိုက်တယ်... (ဒုက္ခပါဘုရား)၊ အဲ ... ဒုက္ခဖြစ်ပျက်ကိုးဗျာ့၊ ဒုက္ခဖြစ်တဲ့ တရားဟာ ငါ့ကိုယ်, ငါ့ဟာ ငါ့ဥစ္စာလို့ စွဲနိုင်ရဲ့လား ... (မစွဲနိုင်ပါဘုရား)၊ မစွဲနိုင် ငါ့ကိုယ် မဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူးဆိုတဲ့ အနတ္တပေါ့ ...(မှန်ပါ)။

အဲ ... နင်တို့ ဒီဘက်ကိုလဲ ဖြစ်ပျက်ရှု ဒီဘက်ကိုလဲ ဖြစ်ပျက်ရှု...(မှန်ပါ)၊ ဒီဘက် ဖြစ်ပျက်ရှုလိုက်တဲ့အခါ ဒီဘက်က ချုပ်ပျောက်မသွားပေဘူးလား...(သွားပါတယ်ဘုရား)။

ချုပ်ပျောက်ပြီးသကာလ သွားတော့ကိုတဲ့ ဒကာ ဒကာမတို့ ဒီဟာတွေ ဖြစ်ပျက်ရှုနေတော့ တဏှာကို ဒီဉာဏ်က ဖြတ်နေတာ...(မှန်ပါ)၊ သူ့ဟာသူ တွဲနေတာ ဟိုဘက်က တခြား၊ အဇ္ဈတ္တိကာယတနက တခြား၊ ဗဟိဒ္ဓါယတနက တခြားရယ်လို့ သေသေချာချာသိပြီးရှုနေတဲ့အချိန်မှာ ဟိုဟာတွေ အနိစ္စတွေ ဖြစ်သွားတော့ သူက ဒီဘက် အနိစ္စနဲ့ အဆက်အသွယ်ဖြတ်တယ်။

www.dhammadownload.com



ဒီဘက် အနိစ္စနဲ့ကော...(အဆက်အသွယ် ဖြတ်ပါတယ် ဘုရား)၊ အင်း...ဘယ့်နှယ်ကြောင့် ဖြတ်သွားပါလိမ့်မတုံးဆို တော့ ဟောဒီမင်္ဂနဲ့ ရှုနေလို့ (မှန်ပါ့)၊ မဂ်နဲ့ သူ့ကိုဖြတ်တာ... (မှန်ပါ့)။

ရှုတော့ သူ့ ရှုတာပဲ၊ ပြတ်တော့ သူက ပြတ်တယ်... (မှန်ပါ့)၊ ရှုတော့ အတွင်းအာယတန၊ အပြင် အာယတနတွေ ရှုတာပါပဲ... (မှန်ပါ့)၊ ပြတ်တော့ အလယ်မှာ ဆက်သွယ်ထားတဲ့ ကြောသေး၊ ကြောမနဲ့တူတဲ့ တဏှာက ပြတ်တယ်...(မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ ဘုရား)။

အဲ...ဒီလို သင်တို့သည် ရှုကြမယ်ဆိုလို့ရှိရင်ဖြင့် ထိုက် တန်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အစရှိ သည်တို့ တည်ဖို့ဖြစ်နိုင်တယ်...(မှန်ပါ့)၊ ဒါဖြင့် မဂ္ဂင်၊ ဗောဇ္ဈင် ကို ပွားတာသည် အင်း ... ဖြစ်ပျက်ပွားတာနဲ့ တဏှာသေတယ်... သိကြပလား ... (သိပါပြီ)။

ဒီကဖြစ်ပျက်က အထည်ရှိသေးသလား ... (မရှိတော့ပါ ဘုရား)၊ တဏှာက ဒီဘက်ငြိလို့ ရသေးရဲ့လား ... (မရတော့ပါ ဘုရား)၊ ဒီဘက်က ဖြစ်ပျက်ဆိုတော့လဲ ဖြစ်ပျက်တရားဖြစ်နေ တော့ ဒီတဏှာက ဆက်ထားတာ၊ ဆက်လို့ရသေးရဲ့လား... (မရပါဘုရား)။

ဆက်လို့မရတော့ တဏှာဆိုတာ ဆက်သွယ်လို့ရမှ နေ နိုင်တာ ...(မှန်ပါ့)၊ ဆက်သွယ်လို့ရမှ နေနိုင်တဲ့တရား မဆက် သွယ်ဘဲနဲ့ ချုပ်သွားတယ်...(မှန်ပါ့)။

www.dhammadownload.com



မဆက်သွယ်ရတော့ ချုပ်သွားတယ်...(မှန်ပါ့)၊ ဒါကြောင့် ဒကာ ဒကာမတွေက မှတ်စရာက သြော်...အနိစ္စရှုတာနဲ့ တဏှာ သေတယ် ...(မှန်ပါ့)၊ ရုပ်တွေ အနိစ္စရှုတာနဲ့ တဏှာသေတယ်၊ နာမ်တွေ အနိစ္စရှုတာနဲ့ တဏှာသေတယ်။

ဒကာ ဒကာမတို့၊ သူ ဆက်သွယ်တဲ့တရား ဖြတ်ပစ်လိုက်တာ (မှန်ပါ့)။ သဘောကျပလား... (ကျပါပြီဘုရား)။

အင်း...ဘယ်လိုဖြတ်ပစ်ပါလိမ့်ဗျာ... (ဖြစ်ပျက် ဝိပဿနာရှု ဖြတ်ပစ်ပါတယ်ဘုရား)၊ ဒါကြောင့် ခင်ဗျားတို့ ဝေဒနာ ကြိုက်ဝေဒနာရှု...(မှန်ပါ့)။

ရုပ်တွေကြိုက်ရင်... (ရုပ်တွေ ရှုရပါတယ်ဘုရား)၊ ရှုရမှာပဲ စိတ်တွေကြိုက်ရင် ... (စိတ်ရှုရပါမယ်ဘုရား)၊ ရှုသာ ရှုပါ ဒီဘက် မနာယတန တစ်ခု ရှုမယ်ဆိုလဲ ရှုသာရှုပါ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ရှုလိုက်လို့ရှိရင်ဖြင့် မနာယတနနဲ့ ရှုလဲ သူလဲ ဆက်သွယ်နေတဲ့ ဒကာ ဒကာမတို့ အာရုံနဲ့က လွဲသွားတယ်...(မှန်ပါ့)။

ဒီစိတ်ကလဲ အနိစ္စဆိုကတည်းက တဏှာ ဘယ်သွားတွယ်မတုံး...(တွယ်စရာ မရှိပါဘူးဘုရား)၊ စိတ်မှ မရှိဘဲနဲ့ စိတ်၏ အာရုံကော ရှိပါအုံးမလား ... (မရှိပါဘူးဘုရား)။

မရှိတော့ အဲဒီ အာရုံကလဲ အနိစ္စရောက်သွား၊ တဏှာဘယ်သွားတွယ်မတုံး၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေယနေ့ ဆရာဘုန်းကြီးက ရှင်းရှင်းလင်းလင်း ပြောတာ တစ်ခုခုရှုရင် တဏှာသည် သူ့အလိုလို သေတယ်...(မှန်ပါ့)။

www.dhammadownload.com



ငြိနေတဲ့အထည်ကို ဖြတ်လိုက်သဖြင့် တဏှာသည်ကား ဆိုလို့ရှိရင် သူ ဒီနေရာ နေနိုင်သေးရဲ့လား...(မနေနိုင်ပါဘူး ဘုရား)။

သူက နှစ်ဘက်တွဲမှ နေနိုင်တာကိုးဗျာ...(မှန်ပါ့)၊ အတွင်းနဲ့ အပြင်နဲ့ တွဲနေရမှ ဒီတဏှာက နေနိုင်တာ...(မှန်ပါ့)၊ အဲဒီတော့ အတွင်းကိုလဲရှုလိုက်၊ အပြင်ကိုလဲ ရှုလိုက်၊ ရှုချင်တာ ရှုလိုက် သတိပဋ္ဌာန်လေးပါး တစ်ပါးပါးရှုလိုက်။

ထိုကဲ့သို့ ရှုလိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တဏှာတွယ်စရာ ရှိသေးရဲ့လား ... (မရှိပါဘူး ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုတာနဲ့ တဏှာသေတယ်...(မှန်ပါ့)၊ ဖြစ်ပျက်ရှုတာနဲ့ ဒိဋ္ဌိသေတယ်...(မှန်ပါ့)၊ ဒကာသစ် ဘာတဲ့... (ဖြစ်ပျက်ရှုတာနဲ့ တဏှာသေပါတယ်ဘုရား)။

ဖြစ်ပျက်ရှုတာနဲ့...(ဒိဋ္ဌိသေပါတယ်ဘုရား)၊ သေရမှာပဲ... (မှန်ပါ့)၊ မသေပါနဲ့ဆိုလို့...(မရပါဘူးဘုရား)၊ ဘာကြောင့် မရသလဲဆိုတော့ တွယ်စရာမရှိလို့...(မှန်ပါ့)၊ တွယ်စရာမရှိတော့ နေစရာရှိသေးသလား...(မရှိတော့ပါဘုရား)၊ နေစရာ မရှိတာကို တဏှာသေတယ်ခေါ်တာပဲ...(မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတွေ၊ ဒါ ဘုန်းကြီး တန်ဆာဆင် ပြောတဲ့ တရားမဟုတ် ခုနက နွားပြင်ဘက် အရေနဲ့ အတွင်းက အသားတွေ ဆက်သွယ်ထားတာက တဏှာတည်းဟူသော

www.dhammadownload.com



ကြောသေး ကြောမနဲ့တူတဲ့ တဏှာက ပြတ်ပြီးသားဖြစ်သွားတယ်...(မှန်ပါ)။

သားလိုးဓားနဲ့ ဖြတ်လိုက်တာ...(မှန်ပါ)၊ သားလိုးဓား သည် ဘာနဲ့တူပါသတုံး မေးတော့မှ မဂ်နဲ့ တူသကွာ...(မှန်ပါ)။

ဗောဇ္ဈင်နဲ့တူတယ်၊ မဂ္ဂင်တို့ ဗောဇ္ဈင်တို့နဲ့ တူပါတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက စွဲစွဲမြဲမြဲ မှတ်လိုက်ပါ... (မှန်ပါ)၊ ဘာနဲ့ တူသတုံး ... (မဂ်နဲ့တူပါတယ်ဘုရား)။

မဂ္ဂင် - ဗောဇ္ဈင်နဲ့ တူတယ်လို့သာ မှတ်လိုက်ပါတော့၊ မဂ္ဂင်ဗောဇ္ဈင် အတူတူပဲနော်...(မှန်ပါ)၊ ကောင်းပြီ ဒါဖြင့် ဘုန်းကြီးက ဥပမာလေးတစ်ခု ဒကာ ဒကာမတွေကို ပြောချင်တာက ဒကာ ဒကာမတို့၊ ဓားကို ထက်အောင် သွေးထားပါ...(မှန်ပါ)။

ဓားကို ထက်အောင်သွေးထားပြားသော်လဲ ဒကာ ဒကာမ တို့ သန္တာန်၌ ဓားချထားရုံနဲ့တော့ဖြင့် ခုနက ကြောသေး ကြောမ လေးတွေ ပြတ်ပါ့မလား...(မပြတ်ပါဘုရား)၊ သြော်...ဘာကြောင့် မပြတ်ပါလိမ့်၊ ဓားမထက်လို့လား မေးတော့ ဓားတော့ ထက်ပါ ရဲ့...(မှန်ပါ)။

လုံ့လ ပယောဂနဲ့ ကိုင်ပြီး မဖြတ်လို့ မပြတ်ဘူး...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ ဘုရား)၊ အဲဒါကြောင့်လဲ ဒကာ ဒကာမတို့၊ သမ္မာဝါယာမဆိုတဲ့ မဂ္ဂင်လေး ကြိုးစားပါ...(မှန်ပါ)၊ ဒါမှ သမ္မာဒိဋ္ဌိဆိုတဲ့ ဓားဟာ ထက်ပါတယ်...(မှန်ပါ)၊ ရှင်းကြ ပလား...(ရှင်းပါပြီ ဘုရား)။

www.dhammadownload.com



သမ္မာဝါယာမဆိုတဲ့ မဂ္ဂင်နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ခုနက မဂ္ဂင်ဓားကို ကိုင်လိုက်ပြီဆိုမှဖြင့် သမ္မာဝါယာမဆိုတဲ့ ဝီရိယတရား မဂ္ဂင်ဓားကို သတိထားပြီးသကာလ ဖြတ်လိုက်မယ်ဆိုလို့ရှိရင် ကြောသေး ကြောမတွေဟာ ပြတ်ရမယ်...(မှန်ပါ့)၊ ဒီတဏှာ ပြတ်ရမှာပဲ...(မှန်ပါ့)။

မပြတ်ပါနဲ့ဆိုလို့...(မရပါဘုရား)၊ မရဘူးဆိုတာ သေချာကြပလား...(သေချာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒို့သည်ကားဆိုလို့ရှိရင် ဘာလိုနေပါလိမ့်မတုံး ဆိုလို့ရှိရင် သိပြီး ချထားရုံနဲ့ တချို့တရားတွေမှာ ဒကာဒကာမတွေက နားမလည်တော့ သိပြီးသားပဲကွာ...(မှန်ပါ့)။

ဟ မရဘူး၊ဓားတောင်မှ ဒကာဒကာမတို့သွေးလို့ထက်နေပြီ၊ချထားလို့ရှိရင်သူ့အလိုလိုပြတ်ရိုးထုံးစံမရှိဘူး...(မှန်ပါ့)၊ဓမ္မတာမရှိပါဘူးဆိုတာ သေချာကြပလား...(သေချာပါပြီဘုရား)။

ရှင်းပြီနော်...(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဝီရိယတည်းဟူသော လက်နဲ့ ကိုင်းပြီးသကာလ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ ဖြစ်ပျက်ကို ရှုမှသာလျှင် တဏှာသေမှာပဲ...(မှန်ပါ့)။

ဝီရိယတည်းဟူသော မဂ္ဂင်နဲ့ သမ္မာဒိဋ္ဌိတည်းဟူသော ဓားကို ကိုင်မှသာလျှင် ခုနက တဏှာပြတ်မယ်...(မှန်ပါ့)၊ ဖြစ်ပျက်ရှုလိုက်ရင်လေ...(မှန်ပါ့)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဩော် ... ဒါဖြင့် ဓားတောင်မှ သွေးပြီး ချထားရင် ဖြတ်တောက်တဲ့အလုပ် သူကိုယ်တိုင် မလုပ်နိုင်ဘူးဆိုတာ မထင်ရှားဘူးလား ... (ထင်ရှားပါတယ်ဘုရား)။

www.dhammadownload.com



မဂ္ဂင်ငါးပါးနဲ့ ရှုစမ်းပါ၊ မဂ္ဂင်ငါးပါးနဲ့ ရှုစမ်းပါဆိုတာက ဓားက ဘာနဲ့တူတုံးဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနဲ့ တူတယ်...(မှန်ပါ့)၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဝီရိယတို့က လက်နဲ့ တူတယ်...(မှန်ပါ့)။

အဲဒီတော့ ဒီမဂ္ဂင်ငါးပါးကို နှစ်ပါးက ဓား၊ သုံးပါးက လက်ဆိုတော့ အဲဒါနဲ့ကိုင်ပြီး ဖြတ်ရတော့မယ်ဆိုလို့ရှိရင်ဖြင့် ဟိုဘက်၊ ဒီဘက် ရောစရာ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

မရောနိုင်လို့ရှိရင် ဘာသေသွားလို့ မဆက်နိုင်ပါလိမ့်မတုံး ဆိုတာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)၊ ဘာသေသွားလို့ပါလိမ့်... (တဏှာသေသွားလို့ပါဘုရား)။

တဏှာတည်းဟူသော ကြောသေး ကြောမနဲ့ ဆက်ထားတာလေးက တဏှာတည်းဟူသော တရားက ဆက်သွယ်ထား ဆက်သွယ်ခွင့် မရတော့ဘူး...(မှန်ပါ့)၊ ရသေးရဲ့လား...(မရပါဘုရား)။

အင်း...ဒီဘက် အနိစ္စနဲ့ ဒီဘက်ကလဲ အနိစ္စ၊ သိသွားတော့ ခင်ဆိုတဲ့ တဏှာက ဘယ်ဟာလာသေးလို့တုံး...(မလာပါဘုရား)။

ခင်ဆိုတဲ့ တဏှာက မလာတော့ ပြတ်တောက်ပြီး ထွက်သွားတယ်ဆိုတာ သေချာပလား...(သေချာပါတယ် ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီအကြောင်းသိသဖြင့် ဪ...ဓားနဲ့ လက်ဆိုတာ ကိုင်ခုတ်မှ ရမယ့်ဟာပါလား...(မှန်ပါ့)။

www.dhammadownload.com



ဆုတောင်းနဲ့တော့ဖြင့် ... (မရပါဘုရား)၊ ဆုတောင်းနဲ့တော့ မရနိုင်ဘူး...(မှန်ပါ့)၊ ဆုတောင်းက ဓားလဲ မပါဘူးဗျာ့... (မှန်ပါ့)။

လက်လဲ...(မပါပါဘုရား)၊ ပါးစပ်ကြီးပဲ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ဘာချည်းဖြစ်နေတာတုံး... (ပါးစပ်ကြီး ဖြစ်နေတာပါဘုရား)။

ပါးစပ်နဲ့ ဖြတ်လို့ကတော့ မရဘူး ... (မရပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)၊ အင်း ... သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတည်းဟူသော ဓားကိုကိုင်၍...(မှန်ပါ့)။

သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါယာမဆိုတဲ့ ဝီရိယတည်းဟူသော လက်နဲ့ကိုင်ပြီးသကာလ ခုနက သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ဓားကို ခင်ဗျားတို့ လုံ့လ ပယောဂနဲ့ ဖြတ်ပါလို့ဆိုတဲ့ အနိစ္စကြပ်ကြပ်ရှုပေး...(မှန်ပါ့)။

ဖြစ်ပျက်ကြပ်ကြပ်ရှုပေးပါ...(မှန်ပါ့)၊ ခန္ဓာကိုယ်ထဲက ကြုံကြိုက်ရာကို ဖြစ်ပျက်ရှုပေးလိုက်တဲ့အခါ တဏှာဖြတ်နေတာသာ မှတ်ပေတော့...(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...(တဏှာဖြတ်နေတာလို့ မှတ်ရမှာပါ ဘုရား)၊ တဏှာဖြတ်နေတာ မှတ်ကြပေတော့ ဒကာ ဒကာမတို့။

ဒါဖြင့် ဒီတဏှာ ဖြတ်တဲ့အခါကျတော့ တဏှာ သေသွားတယ်၊ တဏှာနိရောဓော ဘယ့်နှယ်ဆိုကြမယ် ... (ဥပါဒါန နိရောဓာပါဘုရား)။

www.dhammadownload.com



ဥပါဒါနနိရောဓော တဏှာ နိရောဓာ ... (ဥပါဒါန နိရောဓောပါဘုရား)၊ ဥပါဒါန်မရှိတော့ဘူး ... (မှန်ပါ့ မရှိပါဘုရား)၊ ဘယ်ဘဝတွယ်တာတဲ့ ဥပါဒါန်ရှိသေးရဲ့လား ... (မရှိတော့ပါဘုရား)။

ဥပါဒါန နိရောဓာ ကမ္မဘဝနိရောဓော၊ ကံကော ဘယ့်နှယ်နေတုံး ... (ကုန်သွားပါတယ်ဘုရား)၊ ကံလဲ ကုန်သွားတယ်၊ ကမ္မဘဝနိရောဓာ ဇာတိနိရောဓောဆိုတော့ နောက်ဘဝ လာသေးရဲ့လား ... (မလာတော့ပါဘုရား)၊ ဇာတိပဋိသန္ဓေ လာနိုင်သေးရဲ့လား ... (မလာနိုင်တော့ပါဘုရား)။

ဩော် ... ဒါဖြင့်လဲ တဏှာဖြတ်လိုက်လို့ရှိရင် ဥပါဒါန်ချုပ် ကံချုပ်ရင်ဖြင့် ဇာတိ ဇရာ မရဏတွေလဲ မချုပ်ပါနဲ့လို့ရသေးရဲ့လား ... (မရပါဘုရား)။

အင်း ... ဒါကြောင့် ရှင်နန္ဒက, ဟောပေတာပဲ...(မှန်ပါ့)၊ ဒကာကြွယ် ဥပမာလေးရော ဟောပုံရော ဘုန်းကြီးတို့ ဒီကနေ့ဖြည့်စွက်ပြီးသကာလ ပြောလိုက်တဲ့ အခြေအနေရောဆိုလို့ရှိရင် တစ်ခုခုရှုလိုက်ရင်တော့ ရ,ရတော့မယ်...(မှန်လှပါဘုရား)။

တစ်ခုခုရှုရင် ... (ရ, ရမှာပါဘုရား)၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးရှုရင် မရမရှိပါဘူး...(မှန်ပါ့)၊ အဆက်အသွယ်ကော ဘယ့်နှယ်နေတုံး။

တဏှာ အဆက်အသွယ်က သူက ဒကာ ဒကာမတို့၊ ဝေဒနာရှိ ဝေဒနာဆက်သွယ်မယ်၊ စိတ်ရှိ စိတ်ဆက်သွယ်မယ်၊

www.dhammadownload.com



ရုပ်ရှိရင် ရုပ်ဆက်သွယ်မယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ် ဘုရား)။

အဲဒါလေ ကျုပ်တို့က အနိစ္စ ရှုလိုက်တော့ သူရှုတဲ့ဉာဏ်က အဲ့ဒီ ရှုဗြားသော်လဲ ပြတ်တာက တဏှာ ခန္ဓာပြတ်တယ်...(မှန်ပါ)။

ရှုတာကတော့ ဖြစ်ပျက်ရှုတာပဲ၊ သေတာက... (တဏှာပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)၊ ရှုတာကတော့ ဖြင့် ... (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ရှုတာပဲတဲ့ ဒကာ ဒကာမတို့၊ သေတာက ... (တဏှာပါဘုရား)။

အင်း ... ဘယ်နှယ့်ကြောင့် သေပါလိမ့်မတုံးလို့မေးတဲ့အခါ ကျတော့ကိုတဲ့၊ လူကုတာပဲ ရောဂါ ပျောက်သွားတယ်...(မှန်လှပါဘုရား)၊ ကုတော့ လူကုတာပဲ...(မှန်ပါ)။

ဆေးသမားကတော့ မိန်းမကခေါ်သလား၊ ယောကျ်ားကခေါ်သလားတော့ ခေါ်ချင်တဲ့လူကတော့ ခေါ်စြာနာပဲထောထ်ဘူးက သွားကုတယ်လို့ ပြောမှာပဲ...(မှန်ပါ)။

ခင်ဗျားကုခဲ့တာ ဘယ်သူတုံး၊ ဟာ ... ယောကျ်ားလေးပါဗျာ၊ ဟာ ... မိန်းကလေးပါဗျာ၊ ကုတာကတော့ ယောကျ်ားမိန်းမပဲ...(မှန်ပါ)၊ သေတာက ရောဂါ...(မှန်ပါ)။

သေတာက ဘာတုံး ... (ရောဂါပါ ဘုရား)၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)၊ ဒီမှာကလဲ ကုတာတော့ ပြင်ဘက်ဟာတွေ၊ အတွင်းဟာတွေ ဖြစ်ပျက်ရှုတာပဲ...(မှန်ပါ)။

www.dhammadownload.com



သေတာက ရောဂါနဲ့တူတဲ့ တဏှာသေတယ်၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)၊ အဲဒါတွေ သေသေချာချာ သိတော့မှ သြော်...ကုတာတခြား၊ ပျောက်တာတခြားလို့ ဒီလို မထင်လိုက်ပါနဲ့၊ လူမှာစွဲနေတဲ့ ဝေဒနာကို လူကုလိုက်လို့ရှိရင်ဖြင့် ဝေဒနာ ဒကာ ဒကာမတို့ ရှိသေးရဲ့လား...(မရှိတော့ပါဘုရား)။

ထို့အတူပဲတဲ့ ခန္ဓာစွဲနေတဲ့ တဏှာကို ခန္ဓာအနိစ္စရယ်လို့ ဉာဏ်နဲ့သာ ကုလိုက်စမ်းပါ...(မှန်ပါ့)၊ တဏှာ ဘယ်နှယ့်နေမတုံး...(သေပါတယ်ဘုရား)။

ဝေဒနာဟာ ခုနပြောခဲ့တဲ့ ဥပမာအတိုင်း ဝေဒနာမှာ မချုပ်နဲ့ မပျောက်ပါနဲ့ဆိုလို့ ရပ့်မလား...(မရပါဘူးဘုရား)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ကုစရာရှိတာ ကုလိုက်တော့ကို ဆိုင်ရာပျောက်သွားတာ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါ ... ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အနိစ္စရှုတာနဲ့ တဏှာသေတာ၊ သဘောကျပလား ... (ကျပါတယ်ဘုရား)။

အင်း မိန်းကလေးတစ်ယောက်ကို သွေးဝေဒနာဖြစ်နေလို့ သွေးဝေဒနာ သွားကုလိုက်တယ်ဆိုတော့ မိန်းကလေး ကုခဲ့တယ် ပြောတာပဲ...(မှန်ပါ့)။

ဝေဒနာက သွားပျောက်နေတယ်...(မှန်ပါ့)၊ ယောကျ်ားဒူလာရှိတဲ့သူ ကုလိုက်တယ်၊ ဘယ်သူ ကုလိုက်တုံးဆိုတော့၊ ကုတော့ ဘယ်သူ့ကုခဲ့တာပဲ၊ ပျောက်တော့ ဝေဒနာက ပျောက်တယ်...(မှန်ပါ့)။

www.dhammadownload.com



ဒုလာဝေဒနာက မပျောက်ဘူးလား...(ပျောက်ပါတယ် ဘုရား)၊ အဲ ... ထို့အတူပဲ ရှုတော့ ခင်ဗျားတို့ ဒီအာယတနတွေ၊ အတွင်း အာယတနတွေ၊ အပြင် အာယတနတွေ၊ စိတ်တွေ ရှုကြတာပဲ၊ ပျောက်တော့ တဏှာပျောက်တာ...(မှန်ပါ)။

ဖြစ်ပျက်ရှုတာက ခင်ဗျားတို့ ရုပ်နာမ်...(မှန်ပါ)၊ သေတာက တဏှာ...(မှန်ပါ)၊ တဏှာသေတာပါ ဘုရား၊ ဖြစ်ပျက်ရှုတာက ... (ရုပ်နာမ်ပါဘုရား)၊ သေတာက ... (တဏှာပါဘုရား)။

ဆိုတော့ ဩော် ... ဟုတ်သားပဲ၊ ဒါဖြင့် ထိုဖြစ်ပျက်ရှုပြီး သကာလ ရုပ်တွေရှု၊ ဝေဒနာတွေရှု၊ စိတ်တွေရှု၊ ရှုပင်ရှုငြားသော်လဲ၊ တဏှာသေချင်လို့ ရှုနေတာကိုး...(မှန်ပါ)။

ဒိဋ္ဌိသေချင်လို့ ... (ရှုနေတာပါဘုရား)၊ ဒိဋ္ဌိဆိုတာ ဒိဋ္ဌုပါဒါန်၊ သူနဲ့သူ သွားတွဲတာ...(မှန်ပါ)။

သဘောကျပလား...(ကျပါတယ်ဘုရား)၊ အတွင်းနဲ့အပြင် သွားတွဲတဲ့ ဥပါဒါန် ဒိဋ္ဌုပါဒါန်ဆိုတာ သေချာပလား...(သေချာပါပြီ ဘုရား)။

အေး ဒါကြောင့် ဆက်သွယ်နိုင်သေးရဲ့လား...(မဆက်သွယ်နိုင်ပါ ဘုရား)၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီဘက်က ဖြစ်ပျက်က ပျောက်သွား –

ဟိုဘက်က ဖြစ်ပျက်နေတော့ ခင်တဲ့တဏှာ ဘယ်သွားနေတုံး ... (မနေနိုင်တော့ပါဘုရား)၊ မနေနိုင်တော့ ဖြစ်ပျက်ရှုတာနဲ့ တဏှာသေတယ်၊ ဒိဋ္ဌိသေတယ်ဆိုတာဖြင့် ဦးလှဘူးတို့၊ ဒကာကြွယ်တို့ ယနေ့ ရှင်းသွားတယ် ... (ရှင်းသွားပါပြီ ဘုရား)။

www.dhammadownload.com



သူ့မိုရာတွေ ဖြတ်ပစ်လိုက်တယ်...(မှန်ပါ)၊ သူ တွယ်နေတာတွေ ... (ဖြတ်ပစ်လိုက်ပါတယ်ဘုရား)၊ ဖြတ်ပစ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် သူချည်းနေလို့ ဖြစ်သေးလို့လား...(မဖြစ်ပါဘူး ဘုရား)။

သူက တဏှာဆိုတော့ ဥပါဒါန်မျိုးထဲက...(မှန်ပါ)၊ နှစ်ခုဆွဲကိုင်နေရမှကိုးဗျ၊ အင်း ... အခုတော့ ရှိသေးရဲ့လား...(မရှိတော့ပါ ဘုရား)၊ သူ့မိုရာတွေကို ကျုပ်တို့က အနိစ္စမှန်းသိ၊ ဒုက္ခမှန်းသိ။

မသိခင်တုန်းကတော့ ဒါ မင်းဟာ, ဒါ မင်းဟာလို့ သူလုနေတာ...(မှန်ပါ)၊ အင်း အဆင်းတွေကလဲ မင်းလှတာ၊ မျက်လုံးတွေကလဲ မင်းမျက်လုံး၊ မင်းကောင်းနေတာ တဏှာကအလယ်ကနေ ဆက်ပေးနေတာ၊ မဆက်ဘူးလား ... (ဆက်ပါတယ်ဘုရား)။

အဲဒီ တဏှာ အလယ်က ဆက်ပေးနေတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ၊ တဏှာနဲ့ ခန္ဓာနဲ့၊ ခန္ဓာက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာနဲ့ ဒီနှစ်ခုနဲ့ သံသရာကြီး သွားလာနေတာ...(မှန်ပါ)၊ ဒီနှစ်ခုနဲ့ ဘာတုံး...(သံသရာကြီး သွားလာနေတာပါဘုရား)။

ယခုတော့ဖြင့် ဒကာ ဒကာမတွေ၊ အင်း ... ဒီနှစ်ခုကိုဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တစ်ခု ရှုလိုက်လဲ တစ်ခုပြုတ်တာပဲ...(မှန်ပါ)။

www.dhammadownload.com



သဘောကျပလား ... (ကျပါပြီဘုရား)၊ အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ ရှုတာဖြစ်ပျက် အနိစ္စ၊ သေတာက သမုဒယ... (မှန်ပါ့)။

ရှုတာက...(ဖြစ်ပျက်အနိစ္စပါဘုရား)၊ သေတာက (သမုဒယပါဘုရား)၊ အလယ်ဆက်သွယ်ပေးတဲ့ သမုဒယ ဝင်သေးတယ်...(မှန်ပါ့)။

သဘောကျပလား ... (ကျပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုတာက ... (အနိစ္စပါဘုရား)၊ အင်း ... သေတာက ... (သမုဒယပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

အဲဒါ စဉ်းစားကြည့်မယ်ဆိုရင် ဒကာ ဒကာမတွေ၊ ခုနက ဆေးကုတဲ့ ဥပမာနဲ့ကော မရှင်းလင်းသေးဘူးလား ... (ရှင်းပါတယ်ဘုရား)။

ယောကျ်ားကုလိုက်တယ်၊ မိန်းမ ကုလိုက်တယ်ဆိုတော့ ယောကျ်ား၊ မိန်းမကတော့ ရှိနေတာပဲ၊ ပျောက်တာက ဝေဒနာ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါတယ်ဘုရား)။

အေး ဒါတွေ သေသေချာချာသိတော့မှ ဒို့ရှုနေတာ မှန်လိုက်တဲ့ဖြစ်ခြင်း ... (မှန်ပါ့ဘုရား)၊ မရှုမပွားလို့ ရှိရင်ဖြင့်တဲ့ "စားတောင်ချထား မပြတ်ဘူး" ဆိုတဲ့ ဥပမာလဲ ခုနက ပြောခဲ့လို့လဲ တစ်မျိုးရှင်းပါပြီ၊ သဘောကျပလား ... (ကျပါတယ်ဘုရား)။

ရှုတဲ့နေရာမှာ အရှုမှန်လို့လဲ တွယ်တာနေတဲ့ တဏှာ သေတာလဲ ထင်ရှားပါတယ် ... (ထင်ရှားပါတယ်ဘုရား)၊ သဘောကျပလား ... (ကျပါတယ် ဘုရား)။

www.dhammadownload.com



ကိုင်း ... ဒါဖြင့် ဒီမှာလာတဲ့ မီးတွေ ဘာတွေ အမျိုးမျိုး အဖုံဖုံ ငြိမ်းချင်လို့ရှိရင်ဖြင့် ဟိုက ဒိုင်နမိုရပ်လိုက်လို့ရှိရင် ဒကာ သစ် ဘယ့်နှယ်နေသတုံး ... (ငြိမ်းပါတယ် ဘုရား)။

ဒီကမီး လာငြိမ်းရသေးလား...(မငြိမ်းရပါဘုရား)၊ မငြိမ်း ရဘူး၊ ဆက်သွယ်တာ ဖြတ်ချလိုက်တာ...(မှန်ပါ့)၊ မီးနဲ့ ဒိုင်နမို ဆိုတာနဲ့ ဆက်သွယ်နေတာနဲ့ ဒိုင်နမိုကို ရပ်လိုက် ဖြတ်လိုက်လို့ ရှိရင်ဖြင့် ဒီကမီးတွေ အကုန်ငြိမ်း...(မှန်ပါ့)၊ ဟိုဘက်က မီးတွေ လဲ ငြိမ်း၊ ဒီဘက်က မီးတွေကော ... (ငြိမ်းပါတယ် ဘုရား)။

လမ်းအရှေ့ဘက်၊ အနောက်ဘက်ရှိတဲ့ မီးတွေကော... (ငြိမ်းပါတယ်ဘုရား)၊ အင်း ... အရှေ့ဘက်၊ အနောက်ဘက် ဆက်သွယ်ပေးတာလဲ ဒိုင်နမိုပဲ...(မှန်ပါ့)။

အဲဒီဒိုင်နမိုကနေပြီး ဆက်သွယ်ပေးတော့ ဒိုင်နမိုရပ်လိုက်၊ ဖြတ်လိုက်လို့ရှိရင် ဒကာ ဒကာမတို့၊ အရှေ့မီး၊ အနောက်မီး မီးရောင်ချင်း ဟပ်နိုင်သေးရဲ့လား ... (မဟပ်နိုင်တော့ပါဘူး ဘုရား)။

လိုရင်းဖြတ်လိုက်တော့ကို...(မှန်ပါ့)၊ အဲဒါကြောင့် ဒကာ ဒကာမတို့၊ ဘာရှုရှု တဏှာသေ၊ ဒိဋ္ဌိသေတာမှတ်ပါ...(မှန်ပါ့)၊ ဝေဒနာရှုလဲ...(တဏှာသေ၊ ဒိဋ္ဌိသေတာပါပဲ ဘုရား)။

တဏှာသေ၊ ဒိဋ္ဌိသေဆိုတာ သေချာပလား ... (သေချာပါ တယ်ဘုရား)၊ အဲဒီတော့ သူ့ကိုပဲ မင်းသေမှတော့ မဆက်နဲ့ကွာ ဆိုပြီး အရှင်ကပဲ ဖြတ်ပါတော့မယ်ဆိုတော့ သူ့ကြည့်စမ်း ဒကာ

www.dhammadownload.com



ဒကာမတို့၊ အလယ်ကနေ ဆက်သွယ်ပေးနေတယ် ခန္ဓာကို... (မှန်ပါ့)။

အင်း...ဒီဘက်ကလဲ ခန္ဓာငါးပါးပဲ ထားပါတော့ အတွင်းခန္ဓာတွေနဲ့ အပြင်ခန္ဓာတွေနဲ့ ဘယ့်နှယ်တုံး ... (ဆက်သွယ်နေပါတယ်ဘုရား)။

အတွင်းခန္ဓာတွေနဲ့ အပြင်ခန္ဓာတွေနဲ့ ဆက်သွယ်ပေးနေတာ ဘယ်သူပါတုံး ... (တဏှာပါဘုရား)၊ ကိုင်း ... မင်းကိုကွာ၊ ပြင်းထန်တာကိုလဲ ဖြစ်ပျက်ရှုမယ် ...(မှန်ပါ့)။

အပြင်ခန္ဓာတွေလဲ အနိစ္စရှုမယ်ဆိုတော့ သူ ဆက်သွယ်နိုင်သေးရဲ့လား...(မဆက်သွယ်နိုင်ပါဘုရား)၊ မဆက်သွယ်နိုင်တော့ သေတော့ ဥပါဒါန်သေတယ်...(မှန်ပါ့)။

ဥပါဒါန်သေတော့ (ကမ္မဘဝ သေပါတယ်ဘုရား)၊ ကံသေတော့ နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏ ဆက်လို့ ... (မရတော့ပါဘူးဘုရား)။

ဩော် ... ဒါဖြင့် မသေခင်က မဆက်အောင်လုပ်မှ မဆက်မှာပါလား...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ ဘယ်လိုမှတ်ကြမယ် ... (မသေခင်က မဆက်အောင်လုပ်မှ မဆက်မှာပါဘုရား)။

မသေခင်က မဆက်အောင်လုပ်မှ မဆက်မှာ...(မှန်ပါ့)၊ ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)၊ ကိုင်း ... တရားကိုပဲ နှလုံးသွင်းကြ၊ နှလုံးသွင်းကြ၊ နာလဲ နာကြ၊ မှတ်လဲ မှတ်ကြ၊ ကျင့်လဲ ကျင့်ကြလို့ အစက ပြောခဲ့တယ်နော်...(မှန်ပါ့)၊ အဲဒီဟာလေး

www.dhammadownload.com



တော့ မဖျောက်ကြပါနဲ့၊ နာလဲနာ...(မှန်ပါ့)၊ နာပြီးတော့လဲ သိအောင်လဲ လုပ်ပါ...(မှန်ပါ့)။

သိပြီးတော့လဲ ဘာလုပ်ကြမယ် ... (ကျင့်ရမှာပါ ဘုရား)၊ အဲ အကျင့်ဆိုတာက ဒကာ ဒကာမတို့၊ ဒီမဂ္ဂင် ဗောဓိရှင်နဲ့ အင်း ဖြစ်ပျက်ရှုပေးပါဆိုတာ အဲဒါ ကျင့်ပေးတာပဲ၊ ဒီဟာကိုမှ မကျင့်တော့ဘူးဆိုလို့ရှိရင် အဝိဇ္ဇာမချုပ်၊ တဏှာမချုပ်လို့ရှိရင် ဥပါဒါန်မချုပ်, ဥပါဒါန်မချုပ်လို့ရှိရင် ကံကကော...(မချုပ်ပါဘူးဘုရား)။

ကံမချုပ်လို့ရှိရင် "ကမ္မံ သတ္တေ ဝိဘဇတိ" ဆိုတဲ့အတိုင်း ကံကနေ ဇာတိ အကျိုးပေးချလိုက်လိမ့်မယ်...(မှန်ပါ့)။

ဇာတိ အကျိုးပေးချလိုက်တော့ ဒကာ ဒကာမတို့၊ ဇာတိ ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဩော် ... တဏှာမပြတ်လို့ ဒုက္ခရောက်ရလေခြင်း...(မှန်ပါ့)၊ တဏှာမပြတ်လို့...(ဒုက္ခရောက်ရတာပါ ဘုရား)။

တဏှာမှီနေတဲ့ တရားကိုလဲ မသိတော့ ဒကာ ဒကာမတွေ မပြတ်ကြဘူး...(မှန်ပါ့)၊ အခုတော့ဖြင့် ရှင်းပါပြီ၊ တဏှာက အတွင်းမှီလိုက်...(မှန်ပါ့)။

အတွင်းနဲ့အပြင် ဆက်ပေးနေတာ ဘယ်သူပါလိမ့်... (တဏှာပါဘုရား)၊ ဒါဖြင့် အတွင်းဖြစ်ပျက်ရှု ... (တဏှာပြတ်ပါတယ် ဘုရား)။

အပြင်ရှုလိုက်တော့လဲ ... (တဏှာပြတ်ပါတယ်ဘုရား)၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဇ္ဈတ္တဝါ မဟိဒ္ဓဝါ ညဉ္စာရိကံဝါ သုခမံဝါ၊ အဇ္ဈတ္တရော ဗဟိဒ္ဓရော ဟောရှာ

www.dhammadownload.com



တယ်...(မှန်ပါ)၊ တဏှာ ငြိငြိနေလို့ပေါ့ဗျာ...(မှန်ပါ)၊ သဘောပါကြပလား...(ပါ ပါပြီ ဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေက ရှုလိုက်မယ်ဆိုလို့ရှိရင်ဖြင့်တဲ့ အခု သူပြောနေတဲ့ ဥပမာကတော့ သူ တရားအတိုင်းဟောနေရလို့ ဘုန်းကြီးက အတွင်းနဲ့ အပြင် ဆက်စပ်နေတာလို့ထင်ရှားနေတယ်...(မှန်ပါ)။

ခင်ဗျားတို့မှာ စိတ်မရှုရင် စိတ်နဲ့ တဏှာ ဆက်သွယ်နေတယ်...(မှန်ပါ)၊ ဝေဒနာမရှုရင်...(ဝေဒနာနဲ့တဏှာ ဆက်သွယ်နေပါတယ်ဘုရား)။

ဟော ရုပ်တွေမရှုရင် ... (ရုပ်နဲ့တဏှာနဲ့ ဆက်သွယ်နေပါတယ်ဘုရား)၊ ရုပ်နှင့်တဏှာ ဆက်သွယ်နေတာပဲဆိုတော့၊ ဒါဖြင့်ရုပ်၊ နာမ်ရှိတာကို ရုပ်မရှုရင် ရုပ်နဲ့ဆက်သွယ်နေတာပဲ...(မှန်ပါ)။

နာမ်မရှုရင်...(နာမ်နဲ့ဆက်သွယ်ပါတယ်ဘုရား)၊ နာမ်နဲ့ဆက်သွယ်နေတော့ ဒကာ ဒကာမတို့၊ ရုပ် နာမ်ကို သူ ခင်တွယ်နေလို့ရှိရင်ဖြင့် ဒီ ရုပ်နာမ်ကလဲ ဒုက္ခသစ္စာ...(မှန်ပါ)၊ သူ ခင်တွယ်နေတာက သမုဒယသစ္စာ...(မှန်ပါ)။

သူ မသေပြန်တော့ကော ဒကာ ဒကာမတွေ၊ နောက်ဘဝကျ ရုပ်၊ နာမ်ရဦးမှာ...(မှန်ပါ)၊ ရုပ်နာမ်ရရင် အဲဒီရုပ်၊ နာမ်ကို သူသည် ဆိုလို့ရှိရင် အလျင်လို ဆက်ပေးနေမှာ...(မှန်ပါ)၊ မဆက်ပေဘူးလား...(ဆက်မှာပါ ဘုရား)။

အဲဒီကဲ့သို့ ဆက်လို့ရှိရင် သံသရာစခန်း သတ်စရာ မြင်ကြသေးရဲ့လား...(မမြင်ကြပါဘူးဘုရား)၊ အင်း ဒီဘဝရုပ်၊ နာမ်

www.dhammadownload.com



ဒုက္ခသစ္စာနဲ့နေ၊ နောက်ဘဝမှာ ရုပ်၊ နာမ် ဒုက္ခသစ္စာနဲ့ နေသေတော့လဲ ရုပ်၊ နာမ် ဒုက္ခသစ္စာနဲ့သေ...(မှန်ပါ)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

အဲဒါကြောင့်တဲ့ ဒကာ ဒကာမတို့၊ ဝိပဿနာရှုမှု မရှိခဲ့သည်ရှိသော် ဓားတောင်ချထားလို့မပြတ်ဘူးဆိုတဲ့အတိုင်း ဝီရိယစိုက်၊ သတိထား၊ ပညာနဲ့ရှုဆိုတဲ့ ဒီသုံးချက်ကို မမေ့ပါနဲ့... (မှန်ပါ)၊ သတိထား ... (ဝီရိယစိုက်ရမှာပါ ဘုရား)။

ဝီရိယစိုက်၊ ပညာနဲ့ရှု...(မှန်ပါ)၊ သဘောကျပလား... (ကျပါပြီဘုရား)၊ သတိထား၊ ဝီရိယစိုက် ... (ပညာနဲ့ရှုရမှာပါ ဘုရား)။

အဲ...ပေါ်လာတဲ့တရားကို သတိထားပြီးသကာလ ဝီရိယက ဩဘ် ပေါ်လာပြီလို့ ဝီရိယစိုက်ပြီးသကာလ ပညာနဲ့သာ ရှုပေးပါ...(မှန်ပါ)။

ရှုလိုက်ပြီဆိုမှဖြင့် ဒကာ ဒကာမတွေ၊ ခန္ဓာကိုယ်၊ အင်းဘာခန္ဓာမှ မဟုတ်ဘူး၊ အနိစ္စ၊ ဒုက္ခ သစ္စာ ခန္ဓာကိုယ်...(မှန်ပါ)၊ ဒီ ခန္ဓာကိုယ်ကြီးက ဘာပါလိမ့် ... (အနိစ္စ၊ ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးပါ ဘုရား)။

အနိစ္စ၊ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး ဖြစ်နေတော့ အနိစ္စတွေ့ရင် ဒုက္ခသစ္စာ တွေ့တာပဲ...(မှန်ပါ)။

အဲဒီ ဒုက္ခသစ္စာကို ဒါ ဒုက္ခသစ္စာပဲ၊ ဒါ ဒုက္ခသစ္စာပဲ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့ ကြိုက်တာ တစ်ခုခုကို ရှုပါ...(မှန်ပါ)။

www.dhammadownload.com



ရှုလို့ရှိရင် ဖြစ်ပျက်က ဒုက္ခသစ္စာရှု၊ ရှုတာက မဂ္ဂသစ္စာ... (မှန်ပါ့)၊ သေတာက သမုဒယသစ္စာ၊ ဟော သူ့အလိုလို သေသွားတယ်...(မှန်ပါ့)။

ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ အင်း ရှုတာက ... (မဂ္ဂသစ္စာပါဘုရား)၊ သေတာက ... (သမုဒယသစ္စာပါဘုရား)။

သမုဒယ သူ့ရှုလို့ သေတာလား၊ ဖြစ်ပျက်ရှုတာနဲ့ သူ့အလိုလို သေတာလား ... (ဖြစ်ပျက်ရှုတာနဲ့ သူ့အလိုလို သေတာပါ ဘုရား)။

အို ... သူက နဂိုက ဖြစ်ပျက်မဟုတ်တဲ့ တရားရယ်လို့ဆိုပြီး သူက တွယ်နေတာကို၊ ဖြစ်ပျက် အနိစ္စမှန်းသိတော့ တွယ်သေးရဲ့လား ... (မတွယ်တော့ပါဘူး)။

မတွယ်တော့ ဒကာ ဒကာမတွေသည်ကား ဆိုလို့ရှိရင် ဘာပူစရာ ရှိသေးတုံး ... (မရှိပါဘူးဘုရား)။

အေး အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ကာယာ နုပဿနာကြိုက်လဲ ရှုပါ...(မှန်ပါ့)၊ ဝေဒနာ နုပဿနာကြိုက်ရင်ကော ... (ရှုရမှာပါဘုရား)။

စိတ္တာနုပဿနာ ကြိုက်ရင်ကော (ရှုရမှာပါ ဘုရား)၊ အဲနောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဆိုတဲ့ ဓမ္မာနုပဿနာထဲ ဝင်လာတယ်...(မှန်ပါ့)၊ ဘယ်ထဲ ဝင်လာပါလိမ့်... (ဓမ္မာနုပဿနာထဲ ဝင်လာပါတယ်ဘုရား)။

www.dhammadownload.com



အေး .... ဓမ္မာ နုပဿနာ ဖြစ်ပျက်ဟာ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဘာလာလာ ဖြစ်ပျက် ဒုက္ခသစ္စာပဲ...(မှန်ပါ့)၊ ဖြစ်ပျက် ဒုက္ခသစ္စာပဲလို့ ဒကာသစ်တို့က ကြိုးစားပြီး ဝီရိယစိုက် ပြီး သတိထားပြီး ပညာနဲ့ ရှုကြမယ်ဆိုလို့ရှိရင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရော၊ အယံ ဝေါ အမှာကံ အနုသာသနီ"။ ဘိက္ခဝေ- ငါ၏ ချစ်သားတို့၊ သတော-သတိရှိသည်ဖြစ်၍၊ သမ္ပဇာနကာ ရော-ပညာရှိသည်ဖြစ်၍၊ ဝိဟရေယျ - နေရစ်ကြကွ'...(မှန်ပါ့)။

ငါမရှိတဲ့အခါ သတိထား ဝီရိယစိုက်ပြီး ပညာနဲ့ နေရစ် ကြစမ်းပါ...(မှန်ပါ့)၊ အယံ-ဤ ငါပြောခဲ့တဲ့ စကားသုံးခွန်းသည်၊ ဝေါတုမှာကံ-သင်ချစ်သားတို့အား၊ အနုသာသနီ-အကြီးဆုံး သော အဆုံးအမကြီးပေပဲ...(မှန်ပါ့)။

သတိထား ဝီရိယစိုက်၊ ပညာနဲ့သာရှုဆိုတဲ့ ငါ့စကားဟာ ကွာ မင်းတို့ အိုဘေး၊ နာဘေး၊ သေဘေးတွေ ကာကွယ်နိုင်တဲ့ တရား...(မှန်ပါ့)။

သဘောကျပလား...(ကျပါပြီဘုရား)၊ သတိထား၊ ဝီရိယ စိုက်၊ ပညာနဲ့ ကြည့်ဆိုတာ ဘာကာကွယ်တာပါလိမ့်...(အိုဘေး၊ နာဘေး၊ သေဘေး ကာကွယ်ထားပါဘုရား)။

အပါယ်ဘေးတွေကော ... (ကာကွယ်ပါတယ်ဘုရား)၊ အင်း...အိုဘေး၊ နာဘေး၊ သေဘေးတောင် ကာကွယ်နိုင်တယ် ဆိုတော့ အို၊ နာ၊ သေမှ မရှိတော့ အပါယ်ဆိုတာ အို၊ နာ၊ ရှိမှ ရောက်မှာ...(မှန်ပါ့)။

www.dhammadownload.com



ခန္ဓာမရှိတော့ ရောက်စရာ ရှိသေးရဲ့လား...(မရှိပါဘုရား)၊ အဲဒါတွေ ဒကာသစ်တို့၊ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ ပိုင်ပိုင် နိုင်နိုင် သိတော့မှ–

ဪ – အပါယ်ရောက်ရတယ်ဆိုတာလဲ ခန္ဓာရှိလို့... (မှန်ပါ့)၊ ခန္ဓာ ဘယ်သူက လုပ်ပါလိမ့်၊ တဏှာက လုပ်တာ၊ ဪ – သူလုပ်တော့ တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခ သစ္စာ...(မှန်ပါ့)။

အလုပ်သမားက သမုဒယသစ္စာ အပေါ်သမားက ဒုက္ခ သစ္စာ၊ အလုပ်သမားက (သမုဒယသစ္စာပါဘုရား) အပေါ်သမား က (ဒုက္ခသစ္စာပါဘုရား)၊ တဏှာက သမုဒယသစ္စာ အလုပ် သမား...(မှန်ပါ့)၊ တဏှာအားထုတ်လိုက်တော့ ခန္ဓာကြီးက ပေါ် လာပါတယ်၊ အဲဒါကြီးက ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။

အေး ဒါကြောင့် ခင်ဗျားတို့ တစ်သံသရာလုံးမှာ သမုဒယ နဲ့ ဒုက္ခသစ္စာချည်းပဲ နေခဲ့ရတော့၊ သမုဒယသစ္စာက အပူဓာတ်... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါတယ်ဘုရား)၊ ဒါဖြင့် သမုဒယသစ္စာက မီး ... (မှန်ပါ)၊ ဒုက္ခသစ္စာက ထင်း...(မှန်ပါ့)၊ ဘယ်လိုမှတ်ကြမယ်...(သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ထင်းပါ ဘုရား)။

ဪ ... ဒါ ဒကာ ဒကာမတို့၊ တစ်သံသရာလုံး ထင်း၊ မီးချည်း တွဲပြီးသကာလ သံသရာထဲ လည်ခဲ့ကြရတယ်... (မှန်ပါ့)။

www.dhammadownload.com



သံသရာထဲ ဘယ်လိုနေခဲ့ကြရ ... (ထင်း၊ မီးတွဲပြီး လည်ခဲ့ရပါတယ်ဘုရား)၊ ဩော် ... ဒါဖြင့် လောင်စာနဲ့မီး တွဲလျက်ကြီးသာလျှင် လည်ပြီးသကာလ နေရတယ်...(မှန်ပါ့)။

ဒီ့ပြင် ဘာရှိသေးတုံး ... (မရှိပါဘုရား)၊ ဩော် ... ဒါဖြင့် ဒီလိုအခါမှ လောင်စာသိမ်း၍ မီးမငြိမ်းရင်တော့ဖြင့် ဒကာသစ်ကောင်းနိုင်စရာ မမြင်တော့ဘူး ... (မမြင်တော့ပါဘူးဘုရား)။

မြင်နိုင်သေးရဲ့လား ... (မမြင်နိုင်တော့ပါဘုရား)၊ အေး ဒါကြောင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့မှ ဒကာသစ်တို့ ဖြေနေကြအတိုင်း လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား...(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ လောင်စာသိမ်း၍ မီးငြိမ်းတာပါ၊ သဘောကျပလား ... (ကျပါပြီဘုရား)၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် ... (လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား)။

လောင်စာက ဒုက္ခသစ္စာ...(မှန်ပါ့)၊ မီးကသမုဒယသစ္စာ... (မှန်ပါ့)၊ သမုဒယဒုက္ခ ကုန်တာရှိတယ်...(မှန်ပါ့)၊ နိဗ္ဗာန် ကျန်နေရစ်တယ်...(မှန်ပါ့)၊ မဂ်လဲ ကျန်နေရစ်တယ်...(မှန်ပါ့)။

ဩော် ဒါဖြင့် နိဗ္ဗာန်ဆိုတာ လေးထဲ နှစ်နုတ်ရင် နှစ်ကျန်တာမျိုးပါလား...(မှန်ပါ့)၊ ခန္ဓာရှိတုန်းမှာ နှစ်ကျန်တယ်... (မှန်ပါ့)။

ခန္ဓာရှိတုန်းကျတော့ကို ဒကာ ဒကာမတို့၊ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ်မှာ နှစ်ခုသေတော့ ဘယ်လောက်ကျန်တုံး ... (နှစ်ခု ကျန်ပါတယ်ဘုရား)။

www.dhammadownload.com



သစ္စာလေးပါးကိုဗျာ၊ သစ္စာလေးပါး နှစ်ခုသဘော နှစ်ခု ကျန်ပါတယ်၊ နှစ်ခုကျန်တယ်ဆိုတော့ နိရောဓနဲ့ မဂ္ဂကျန်တယ်... (မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဘာမှ မရှိတာလားတဲ့၊ ဒုက္ခ သမုဒယ ချုပ်သွားရင် နိရောဓနဲ့ မဂ္ဂ ကျန်နေရစ်တာ ရှိနေတဲ့တရားဆိုတာ ပေါ်လာကြပလား ... (ပေါ်ပါပြီဘုရား)၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကို ကုံရာမရှိတော့ပါဘူးဆိုတော့ မဂ်က လဲ ခန္ဓာဖြစ်နေတဲ့အတွက် မဂ်က သင်္ခါရက္ခန္ဓာဖြစ်နေတယ်... (မှန်ပါ့)၊ အဲဒီ မဂ်ဉာဏ်လဲ ချုပ်သွားတဲ့အခါ နိဗ္ဗာန်ချည်း ကျန်နေရစ်တယ်...(မှန်ပါ့)။

ဘယ်နှယ်တုံး...(မဂ်ဉာဏ်ချုပ်သွားတော့ နိဗ္ဗာန်ချည်း ကျန်နေရစ်ပါတယ်ဘုရား)၊ သေသွားတဲ့အခါကျတော့ နိဗ္ဗာန် ချည်း ကျန်နေရစ်တယ်...(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ ဘာတုံးမေးတဲ့အခါ သန္တိလက္ခဏာ နိရောဓ သစ္စာ၊ ဩော် ... အေးချမ်းမှုကြီး ကျန်နေရစ်တာကိုး...(မှန်ပါ့)။

အစ္စုတိရသံ-မသေတာချည်း ကျန်နေရစ်တယ်...(မှန်ပါ့)၊ အစ္စုတိရသံ...(မသေတာချည်း ကျန်နေရစ်ပါတယ်ဘုရား)၊ မသေတာချည်း ကျန်ရစ်တယ်ဆိုတော့ -

ဩော် ... မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ဒါပါကလား... (မှန်ပါ့)၊ ဒါဖြင့် နိဗ္ဗာန်ဆိုတာ မရှိတာလား ... ရှိတာလား ... (ရှိတာပါဘုရား)။

www.dhammadownload.com



အဲ...လုပ်တဲ့ပုဂ္ဂိုလ်မှရှိတယ်...(မှန်ပါ)၊ မလုပ်တဲ့ပုဂ္ဂိုလ်မှာ.. (မရှိပါဘူးဘုရား)၊ ဘယ်အခါကာလမှ မရှိဘူးဆိုတော့ ခင်ဗျား တို့ သား၊ လင်၊ ခင်ပွန်းတွေ၊ ဆွေမျိုးဉာတကာတွေ ပြောကြပါ...

ဩော် ... နိဗ္ဗာန်ဆိုတာ သစ္စာလေးပါး နှစ်ပါးနုတ်ရင် နှစ် ကျန်နေတယ်ဆိုကတည်းက နိဗ္ဗာန်ရှိနေတယ်ဆိုတာ...(မှန် ပါဘုရား)၊ သစ္စာလေးပါးဆိုတာ လေးပါးမဟုတ်လား...(မှန်ပါ)။

ဒုက္ခနဲ့ သမုဒယ လောင်စာနဲ့ မီးသိမ်းသွားတယ်ဆိုလို့ရှိ ရင်ဖြင့် လောင်စာနဲ့ မီးငြိမ်းသွားတယ် ဆိုလို့ရှိရင်ဖြင့် လောင်စာ လဲ မရှိဘူး၊ မီးလဲ မရှိတော့ဘူး...(မှန်ပါ)၊ သဘောကျရဲ့လား... (ကျပါတယ်ဘုရား)။

ဒါဖြင့် ငြိမ်းအေးတာရယ်၊ ငြိမ်းအေးတာ သိတာရယ်၊ ကျန်ရစ်နေတာပေါ့...(မှန်ပါ)၊ ဘာတွေ ကျန်ရစ်နေတုံး ... (ငြိမ်း အေးတာရယ်၊ ငြိမ်းအေးတာ သိတာရယ် ကျန်ရစ်နေပါတယ် ဘုရား)။

ငြိမ်းအေးတာက နိရောဓသစ္စာ၊ ငြိမ်းအေးမှန်းသိတာက မဂ္ဂသစ္စာ...(မှန်ပါ)၊ ဒါတွေ ကျန်နေရစ်တယ်...(မှန်ပါဘုရား)၊ ဒါ ခန္ဓာရှိတုန်းကိုပဲ ကိုယ်တွေ့ပါပဲဆိုတာ သေချာပလား ... (သေချာပါပြီဘုရား)။

ကိုင်း ခန္ဓာစုတေ မနေသေလွန်ကြပါစို့၊ မသေရမယ့် ပုဂ္ဂိုလ်က မရှိလို့ ခန္ဓာပါ ပရိနိဗ္ဗာန်စံသွားတာတောင်မှ ဒကာ ဒကာမတို့၊ မင်္ဂသာချုပ်သွားတယ်၊ နိဗ္ဗာန်မချုပ်ဘူး၊ သဘောကျ ပါပလား...(ကျပါတယ် ဘုရား)။

www.dhammadownload.com



မင်္ဂဉာဏ်ကသာ...(ချုပ်သွားပါတယ်ဘုရား)၊ နိဗ္ဗာန်က... (မချုပ်ပါဘူးဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတာလား ... မရှိတာလားဆိုရင် ဘယ့်နှယ်ဖြေကြမယ် ... (ရှိတာပါဘုရား)။

အဲဒီရှိတဲ့ နိဗ္ဗာန်မှာသာလျှင် ဒကာ ဒကာမတို့၊ လောင်စာလဲ မပါဘူး၊ မီးလဲ မပါဖြစ်ပြီးသကာလ နေတဲ့အတွက်၊ ဩော်ချမ်းသာသက်သက်နဲ့ နေတာ နိဗ္ဗာန်ပါလား...(မှန်ပါ့)။

ချမ်းသာသက်သက်နဲ့နေတာ ... (နိဗ္ဗာန်ပါ ဘုရား)၊ သေသေချာချာ ဒကာ ဒကာမတို့တစ်သက်မှာ တစ်ခါဆိုသလို ကြားကြရတာ တွေ့ကြရတာနော်...(မှန်ပါ့)။

သစ္စာလေးပါး နှစ်နှတ်ရင် ဘာကျန်သေးလဲ ... (နှစ်ကျန်ပါတယ် ဘုရား)၊ ဒါဖြင့် နှစ် နှတ်လိုက်တော့၊ နှတ်လိုက်တဲ့ နှစ် ဘာတဲ့၊ လောင်စာနဲ့ မီးနှတ်လိုက်တာ...(မှန်ပါ့)။

တစ်သံသရာလုံးမှာ လောင်စာနဲ့ မီးနဲ့ချည်း နေရတာ အဲဒါတွေ နှတ်လိုက်တာ...(မှန်ပါ့)၊ လောင်စာနဲ့ မီးနှတ်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် လောင်စာမရှိတာရယ်၊ လောင်စာမရှိတာ သိတာရယ်...(ကျန်နေရစ်ပါတယ်ဘုရား)။

ဒါ ကျန်နေရစ်တယ်...(မှန်ပါ့)၊ လောင်စာ မရှိတာရယ်... (လောင်စာ မရှိတာ သိတာရယ်ပါ ဘုရား)။

မရှိတာကို သိတာရယ်ဆိုတော့ နိဗ္ဗာန်နဲ့ မင်္ဂဉာဏ် ကျန်နေတယ်၊ ဖိုလ်ဉာဏ်တွေ အကုန်ကျန်နေတယ်ဆိုတာ၊ သဘောကျပလား ... (ကျပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါတွေ ကျန်နေရစ်တဲ့အခါကျတော့ ဒါ ခန္ဓာရှိတုန်းမှာပဲ ဩော် ... ငါတော့ဖြင့် နေရာကျပြီ၊ လောင်စာနဲ့ မီးဖြင့် ဇာတ်သိမ်းသွားပြီ၊ တစ်သံသရာလုံး လောင်စာနဲ့ မီးနဲ့ပဲ နေခဲ့ရတယ်... (မှန်လှပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

တစ်သံသရာလုံး ဘယ်သူနဲ့ နေခဲ့ရသတုံး ... (လောင်စာနဲ့ မီးနဲ့ပဲ နေခဲ့ရပါတယ်ဘုရား)၊ အင်း ... အဲဒီနှစ်ခုဟာ ကိုယ့်ရှေ့တွင်ပဲ သမုဒယချုပ် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၊ ရှင်မောဂ္ဂလာန်တို့မှာ သမုဒယကလဲ ချုပ်၊ ဒုက္ခကလဲ ချုပ်တာ သူမြင်သွားတယ်...(မှန်ပါ့)။

အင်း သူ့မှာ ဘာကျန်တော့တုံးဆိုလို့ရှိရင် ၂-ခုနတ်တော့ ၂-ခုကျန်ရစ်တယ် ... (ကျန်ရစ်ပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ ဘာတွေ ကျန်ရစ်တုံး ... (နိရောဓနဲ့ မဂ္ဂကျန်ရစ်ပါတယ်ဘုရား)။

နိရောဓနဲ့ နိရောဓဆိုတာ နိဗ္ဗာန်၊ မဂ္ဂဆိုတာ ဉာဏ် ... (မှန်ပါ့)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ကျန်ပြီးသကာလ နေရစ်တော့တယ်ဆိုတာ မှတ်လိုက်ပါ...(မှန်ပါ့)။

ဒါ ခန္ဓာရှိတုန်းမှာ သိရပါပြီ...(မှန်ပါ့)၊ အဲဒါ သဉပါဒိသေသ နိဗ္ဗာန်တဲ့၊ ခန္ဓာရှိတုန်းကို ချမ်းသာတွေးပြီး၊ ငါဖြင့် လောင်စာနဲ့မီးဟာဖြင့် လုံးလုံးကိုမတွေ့တော့ဘူးဆိုပြီး အင်မတန်ဝမ်းသာတယ်...(မှန်ပါ့)။

သဘောကျပလား ... (ကျပါတယ်ဘုရား)၊ ကောင်းပြီဒါဖြင့် လောင်စာနဲ့ မီးသိမ်းသွားတော့ကိုတဲ့၊ ငြိမ်းတဲ့နေရာရယ်၊

www.dhammadownload.com



ဒကာ ဒကာမတို့ ငြိမ်းတာ သိတာလေးရယ် ကျန်ရစ်တယ်... (မှန်ပါ့)။

ငြိမ်းတဲ့နေရာရယ်...(ငြိမ်းတာသိတာလေးရယ်ပါ ဘုရား)၊ ငြိမ်းတာ သိတာလေး ကျန်ရစ်တော့၊ ဒါ ခန္ဓာရှိတုန်းပဲ ချမ်းသာနေတာ တွေ့ရတယ် .... (မှန်ပါ့)။

ကိုင်း ခန္ဓာမရှိတဲ့အခါကျတော့လို့ရှိရင်ဖြင့် သေကြပါစို့ဆိုပြီး သေတဲ့အခါကျလို့ရှိရင်ဖြင့် ခုနက သိတာလေး ချုပ်ပြီး သကာလ ငြိမ်းတာလေးတစ်ခုထဲနဲ့ နေရစ်တယ်...(မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

အဲဒါ အခုပြောနေတာကတော့ဖြင့် ဒကာ ဒကာမတို့၊ အပြောပဲလို့ မှတ်ပါ...(မှန်ပါ့)၊ ကိုယ်တိုင်လုပ်ကြည့်ပြီး ကိုယ်တိုင် တွေ့ရပါလိမ့်မယ်ဆိုတာ သေသေချာချာပဲ။

အဲဒီတော့ ဒကာ ဒကာမတို့၊ ခုနက မှန်းခြေအတိုင်း ရှင်နန္ဒာက ဟောလိုက်တဲ့အခါကျတော့ ရှင်နန္ဒာက သည် ဒီတရားတွေ ဟောပြီး ဘိက္ခုနီမတို့ သွားကြတော့ဆိုပြီး နှင်လိုက်တော့ ဘိက္ခုနီမတွေက သွားကြတယ်။

သွားကြတော့ ဘုရားဆီရောက်၊ ဘုရားဆီ ရောက်သွားတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရိပ်မိပြီးသားကိုးဗျာ့၊ သူဟောရင် ကျွတ်မယ့် ငါးရာဆိုတာ သေချာပြီးသား...(မှန်ပါ့)၊ ဘယ့်နှယ်နေတုံးဟေ့ ဘိက္ခုနီမတွေ ဒီနေ့ ၁၄–ရက်လား ၁၅–ရက်လားဟ၊ ၁၄ လပြည့်လား၊ ၁၅ လပြည့်လား မေးတာပေါ့... (မှန်ပါ့)။

www.dhammadownload.com



၁၅ နှင့်မှ လက ပြည့်တာကိုး...(မှန်ပါ့)၊ ဒီနေ့ ၁၄ ရက် ရှိသေးတယ်၊ ဘုရားက သိတယ်၊ အကုန်မကျွတ်သေးဘူးဆို တာ...(မှန်ပါ့)။

ဒါနဲ့ နန္ဒကကို "ဟော့ နန္ဒက လာအုံးကွ၊ နက်ဖြန်ကျတော့ ခေါ်ပြန်တယ်၊ မင်းပဲ ဟောရမယ်"...(မှန်ပါ့)၊ မင်းပဲ ဟောရမယ် ဆိုပြီး ဟောခိုင်းလိုက်တော့၊ နက်ဖြန် ဒီကပဲ ပြန်ဟောတာပဲ... (မှန်ပါ့)၊ နက်ဖြန် သောတာပန် မှန်းထားတဲ့ပုဂ္ဂိုလ်က သောတာ ပန် တည်တယ်...(မှန်ပါ့)။

သကဒါဂါမ်မှန်းထားတဲ့ ပုဂ္ဂိုလ်က ... (သကဒါဂါမ် တည်ပါတယ်ဘုရား)။ အနာဂါမ်မှန်းထားတဲ့ ပုဂ္ဂိုလ်က ... (အနာ ဂါမ် တည်ပါတယ်ဘုရား)။

ရဟန္တာထိအောင် မှန်းထားတဲ့ ပုဂ္ဂိုလ်က ... (ရဟန္တာဖြစ် ပါတယ်ဘုရား)၊ မှန်းခြေကလဲ လိုသေးတယ်...(မှန်ပါ့)၊ မှန်းခြေ က လိုသေးတယ်၊ ကိုယ့်မှန်းခြေနဲ့ကိုယ် ခရီးပေါက်ကြတာပဲ... (မှန်ပါ့)။

သဘောကျပလား ... (ကျပါပြီဘုရား)၊ အဲဒီကျတော့မှ နောက်တစ်နေ့ သွားတော့မှ ဘိက္ခုနီမတွေ ရှင်နန္ဒက နောက် တစ်ခေါက် ဟောပြီး သွားကြတော့ဆိုပြီး ဘုရားဆီ နှင်လိုက်တာ ပေါ့...(မှန်ပါ့)။

ဘုရားဆီ နှင်လိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက "ဒီနေ့တော့ဖြင့် ၁၅–ရက်နဲ့တူတယ်ဟော့" ဘိက္ခုနီမတွေ

www.dhammadownload.com



ကို ပြောတာပေါ့လေ...(မှန်ပါ)၊ မင်းတို့အလိုတွေ ပြည့်ကုန်ပြီး ထင်တယ်လို့ ပြောတာပါပဲ...(မှန်ပါ)။

ဟုတ်ပါတယ်ဘုရားလို့ပြောတာပဲ၊ အကုန်ပဲ တပည့်တော်တို့ ကျွတ်တမ်းဝင်ကြပါတယ်၊ ဆိုင်ရာ ဆိုင်ရာ ဝင်ကြတာပဲလို့ အကုန်လျှောက်တာပါပဲ...(မှန်ပါ)။

ဒါကြောင့် ခုနကပြောခဲ့တဲ့အထဲမှာ မှန်းချေ မလျှော့လိုက်ပါနဲ့ဆိုတာကိုလဲ ဒီဝတ္ထုက လာနေတယ်...(မှန်ပါ)၊ သဘောကျပလား (ကျပါတယ်ဘုရား)၊ ဒကာ ဒကာမတို့၊ ကျင်ကြီး လေးပုံရှိတဲ့အနက်က သုံးပုံရေဆေးပြီး ငြားသော်လဲ တစ်ပုံကျန်နေရင် အသုံးမကျဘူးဆိုတဲ့ ဥစ္စာလဲ ခင်ဗျားတို့ သိပြီးဖြစ်ပါတယ်... (မှန်ပါ)။

ကျင်ကြီး လေးပုံရှိတယ်၊ သုံးပုံတော့ ရေဆေးပြီးပြီ၊ တစ်ပုံသာ အိမ်ပေါ်မှာ ကျန်နေရင် ဘာအသုံးချမယ်...(ဘာမှ အသုံးချလို့ မရပါဘုရား)။

လေးပုံစလုံး အနံ့အစော် သက်သာတယ်ဆိုတာ ဘာမှ ငြင်းဆန်စရာ မလိုပါဘူး...(မှန်ပါ)၊ ငြင်းဆန်စရာ လိုသေးရဲ့လား...(မလိုပါဘူးဘုရား)။

တစ်မဂ်ရလို့ရှိရင် တစ်ပုံဆေးတာပဲ...(မှန်ပါ)၊ နှစ်မဂ်ရရင် နှစ်ပုံဆေးတာပဲ...(မှန်ပါ)၊ သုံးမဂ်ရရင် ... (သုံးပုံဆေးတာပါဘုရား)။ လေးမဂ်ရရင် ... (လေးပုံဆေးတာပါ ဘုရား)။

အဲ ... အကုန်ပြောင်တာဟာ အကောင်းဆုံးပဲဆိုတာ စိတ်ထားပြီး သကာလ တစ်ခါတည်း မှန်းခြေနဲ့ ဒို့တော့ ဒီဘဝ ခန္ဓာ

www.dhammadownload.com



ဓာတ်သိမ်း ငြိမ်းအေးရာဖြစ်တဲ့ တစ်ခါတည်း ခန္ဓာကိုယ်ပဲ မရှိအောင်ပဲ ကြိုးစားတော့မယ်၊ ခန္ဓာဓာတ်သိမ်း ငြိမ်းအေးရာဖြစ်တဲ့ နိဗ္ဗာန်သာ သွားတော့မယ်ဆိုတဲ့ စိတ်ထားနဲ့ ဒီအတိုင်း ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က ဝေဒနာရှုကြ...(မှန်ပါ့)။

စိတ်ကြိုက်တဲ့သူက...(စိတ်ရှုရမှာပါဘုရား)၊ အဲဒီအတိုင်း မှန်းခြေကြီးကြီးထား ရှုလို့ရှိရင် ရနိုင်ပါတယ်ဆိုတဲ့ ဥစ္စာလဲ သေချာပါတယ်...(မှန်ပါ့)၊ရှင်းကြပလား...(ရှင်းပါတယ်ဘုရား)။

ကိုင်း ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် – (၂၄/၉၇)(၅)

ထုတ်ဝေသူ – ဦးအောင်ချို၊(မြဲ–၀၈၃၁)၊ မိုးကုတ်ဝိပဿနာ
တရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်–၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးတိုးဝင်း (မြဲ–၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်၊
အမှတ် ၉၆(ခ)၊ ၁၁လမ်း ၊ ရန်ကုန်မြို့။